# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၀)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၁၀-၉-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၉

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေး မှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၂၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိ သည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**မိုး အသင့်အတင့် ထစ်ချုန်းရွာမည်**

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၀ ) ရက်သာ လိုတော့သည်။**

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခေတ်မီစံပြကျေးရွာများ ထူထောင်ပေးခဲ့ရာ ယခုဘဏ္ဍာနှစ်အထိ မြို့နယ်ပေါင်း ၁၀၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၂၈ ရွာတွင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မိမိတို့ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခေတ်မီစံပြကျေးရွာများအပါအဝင် ကျေးရွာအများစုတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းပိုင်လယ်မြေ ၇၉ ဒသမ ၈၈ ဧကတွင် နွေကြာ စိုက်ပျိုးရေးစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစု ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး တောင်သူများက စိုက်ပျိုးရေးဦးစီးဌာန၏ နည်းစနစ်များအတိုင်း လိုက်နာစိုက်ပျိုးကြရန် လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ငွေးပင်စံပြကျေးရွာ၌ ချောင်းကမ်းကြီးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရွှေဥဒေါင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၀၀၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း RBF ရန်ပုံငွေကျပ် သိန်း ၃၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူခဲ့ကြပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနတွင် ဦးစီးဌာနလေးခုရှိပြီး အဆိုပါဦးစီးဌာနများက ကျေးရွာ၏ အခြေခံအဆောက်အအုံများ၊ ကုန်ထုတ်လမ်း၊ ကျေးရွာတွင်းလမ်း၊ ကျေးရွာအဝင်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်မီးလင်းရေး၊ ရေရရှိရေး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေနှင့် သီလရှင်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန်တော်များ ထပ်ဆင့် ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန်တော်များအား ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေနှင့် သီလရှင်များကို ထပ်ဆင့် ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချအခမ်းအနားအား ယနေ့နံနက် ၉ နာရီက မဟာလောကရံသီ အိမ်တော်ရာစေတီတော်၊ ရတနာဃရ ၁၄ ခန်း ဓမ္မဗိမာန်တွင် ကျင်းပပြုလုပ်သည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မိုးကောင်းတိုက်၊ သုံးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိစုရ အမှူးပြုသည့် သံဃာတော် ၅ ပါး ကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးဝေယံမင်းသွင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအေးလင်းထွန်း၊ အဖွဲ့ဝင်(၂)ဦးဇော်ဖေ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်တင်အေး၊ မြို့နယ်လဝကဦးစီးမှူး ဦးဝေလင်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက မြို့နယ်ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း၍ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြ သံဃာတော်များရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်မြတ်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၇၄ တိုက်၊ ကျောင်းပေါင်း ၄၄၁ ကျောင်းမှ ရဟန်း၊ သာမဏေ ၃၉၁၂ ပါး၊ သီလရှင်ကျောင်း ၁၀ ကျောင်းမှ သီလရှင် ၂၉၃ ပါး၊ စုစုပေါင်း ၄၂၀၅ ပါးတို့ကို တစ်ပါးလျှင် ဆွမ်းဆန်တော် နှစ်ပြည်၊ ဆီ၊ ကုလားပဲနှင့် ကြက်သွန်နီ ၂၅ ကျပ်သားစီတို့အား လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၂)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ၆၅ လမ်း၊ ၁၁၆ လမ်းနှင့် ၁၁၇ လမ်းကြားရှိ သီလရက္ခိတဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပသည်။

**(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ် လဝကဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်က သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများ၏ သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလေ့လာမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့နယ်လဝကရုံးမှ တာဝန်ရှိသူတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။

(၀၅၃)

၀-၀-၀-၀-၀

## အောင်မြေသာစံမြို့နယ် အထက(၁၇)တွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၉**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ်(၁၇)အခြေခံအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကွန်းခိုရာခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းနှင့် ဆရာ၊ ဆရာမများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးအရာရှိက လူငယ်နှင့် အားကစားအကြောင်းကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်ရေးရာအကြောင်းကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်က မီးဘေးအန္တရာယ်အကြောင်းကို လည်းကောင်း အသီးသီး အသိပညာပေး ဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနား မစတင်မီနှင့် အခမ်းအနားအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များအား ဝေငှပေးကြပြီး ကျောင်းအားကစားကွင်းတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် သန္နေမီးသတ် တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသပေးကြကြောင်း သိရသည်။ (၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည် ဆိုင်ရာကြက်ခြေနီ ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေ အနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ အမှန်တကယ် ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင် ဝင်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC) ဥက္ကဋ္ဌနှင့်အတူကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့်ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့်အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ ဆွေးနွေး**

○ စာမျက်နှာ ၂၄ မှ

ထို့နောက် ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**ယှဉ်ပြိုင်ကစားခဲ့**

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ ဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်များ ဘောလုံးအသင်း (ခုနစ်သင်း) တို့ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်များ ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ တတိယနေရာလု ပွဲစဉ်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

တတိယနေရာလုပွဲစဉ် အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ဖိအားပေး၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းကိုနှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ထိုက်ထိုက်တန်တန် ရရှိသွားသည်။

**ကြည့်ရှုအားပေး**

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒေါက်တာ တင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို တက္ကသိုလ် ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန် အားကစားသမားများမှ သည် နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is-Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။




အဆိုပါခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာထမ်းများလည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါ၍ ဖိုရမ်သို့ ပါဝင်တက်ရောက်ကြသည်။

အရှေ့ဖျား စီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရန်နှင့် မြှင့်တင်ရန်၊ ရုရှားအရှေ့ဖျားဒေသ၏ စီးပွားရေးအလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များရှိ စီးပွားရေးအခြေအနေများကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စက်တင်ဘာ ၃ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံပြီး စတုတ္ထအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးသည့် ခန်းမ၌ ကျင်းပပြုလုပ်သည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၌ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရေးနှင့် သက်ဆိုင်သည့်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ရုရှားနိုင်ငံဘက်မှ သမ္မတ၏ အကြံပေး ရုရှား ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov တို့ တက်ရောက်ကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် Fund RC-Investments တို့အကြား ပထမအဆင့်အနေဖြင့် ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်ခြင်းလုပ်ငန်းများကို လျာထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြဝတီအသင်းကို အနိုင်ယူကာ ဒုတိယမြောက် နိုင်ပွဲရရှိခဲ့သည့် သစ္စာအားမာန်အသင်း

Myanmar National League ၂၀၂၄-၂၅ အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-9) ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ကြပြီး သစ္စာအားမာန်အသင်းက ၃-၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် ပွဲအစတွင် ဂိုးရရှိရန် တိုက်စစ်ဆင်ခဲ့ပြီး သစ္စာအားမာန်အသင်းက တန်ပြန်တိုက်စစ်ဖြင့် တုံ့ပြန်ခဲ့သည်။ ပွဲချိန် ၂ မိနစ်တွင် သစ္စာအားမာန်အသင်းသည် မြဝတီအသင်း၏ ဂိုးသမား အမှားမှတစ်ဆင့် ဦးဆောင်ဂိုးစရခဲ့သည်။ ယင်းဂိုးကို အောင်ပြည့်စုံက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် သစ္စာအားမာန်အသင်းက ဒုတိယဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး အောင်ကျော်ဟိန်းက သွင်းယူပေးခဲ့သည်။ မြဝတီအသင်းသည် ချေပဂိုးများ ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းအပြီးတွင် သစ္စာအားမာန်အသင်းက ၂-၀ ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ပြီး နှစ်မိနစ်အကြာတွင် မြဝတီအသင်းက ချေပဂိုး စတင်ရခဲ့ပြီး ထက်လင်းအောင်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၂ မိနစ်တွင် သစ္စာအားမာန်အသင်းက တတိယဦးဆောင်ဂိုးရခဲ့ပြီး စည်သူဝင်းက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၆ မိနစ်တွင် မြဝတီအသင်းက ဒုတိယချေပဂိုး ထပ်မံရခဲ့ပြီး သန်းအောင်ကျော်က သွင်းယူပေးခဲ့သည်။ မြဝတီအသင်း၏ ဒုတိယချေပဂိုးရရှိအပြီးတွင် ပွဲစဉ်သည် ပို၍ အကြိတ်အနယ်ဖြစ်ခဲ့သည့်အပြင် မိုးလည်း သည်းထန်စွာ ရွာသွန်းခဲ့သည်။

လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ထပ်မံဂိုးမရခဲ့သည့်အတွက် သစ္စာအားမာန် အသင်းက ၃-၂ ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

သစ္စာအားမာန်အသင်းသည် ကိုးပွဲကစားပြီးချိန်တွင် နှစ်ပွဲ နိုင်၊ တစ်ပွဲ သရေ၊ ခြောက်ပွဲ ရှုံး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် ၉ နေရာတွင် ရပ်တည်နေသည်။ မြဝတီအသင်းသည် ကိုးပွဲ ကစားအပြီးတွင် တစ်ပွဲ နိုင်၊ တစ်ပွဲ သရေ၊ ခုနစ်ပွဲ ရှုံး ရမှတ် လေးမှတ်ဖြင့် အဆင့် ၁၁ နေရာတွင် ဆက်လက်ရပ်တည်နေသည်။

**(NGB)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ(၁)တွင် လျှပ်စစ်သံရည်ကျိုမီးဖိုဖြင့် သံတိုသံစများကို ကျိုချက်နေမှု၊ ဓာတ်သတ္တုပါဝင်ပစ္စည်းများ ချိန်ညှိသည့်မီးဖိုဖြင့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် သံမဏိများဖြစ်အောင် ဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်များ သွန်းလောင်းနေမှု၊ လေးထောင့်ပုံ သံမဏိများ ထွက်ရှိနေမှုနှင့် ဆက်စပ် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သံမဏိထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ ထို့ပြင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်တင်းနိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ထားရှိရန်နှင့် ကြိုတင်ကာကွယ် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်စဉ် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတ်မှတ်တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ပြည့်စုံအောင်ဝတ်ဆင်ရန်၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စီးပွားဖြစ် ဆောင်ရွက်နိုင်ရေးအတွက် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်များကိုလည်း ပြန်လည် တွက်ချက်ရန်၊ စက်ရုံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းနိုင်ရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သော သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကို သွင်းကုန်အစားထိုးအဖြစ် ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက် ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံတို့ကို သင်ကြား ပြသပေးမည်ဖြစ်ပြီး နည်းပြဆရာဖြစ် သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိတတ်ကျွမ်းကာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင်လည်း မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

**လွယ်ကူလျင်မြန်စွာ မဲပေးနိုင်**

ထို့ပြင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့် သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မွန်ညီညွတ်ရေးပါတီ (Mon Unity Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၅ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉)လမ်း၊ အိမ်အမှတ် (၁၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင် အမှတ်မှာ (၅၂) ဖြစ်ပါသည်။

( ပုံ ) ကိုကို

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ့လက်ရွေးစင်နည်းပြအဖြစ် ဦးမျိုးလှိုင်ဝင်းအား ခန့်အပ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာ့လက်ရွေးစင် အသင်းအတွက် နည်းပြအဖြစ် ဦးမျိုးလှိုင်ဝင်း အား ယခု စက်တင်ဘာလမှ စတင်၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

ဦးမျိုးလှိုင်ဝင်းသည် ၁၉၈၇ ခုနှစ်မှ စတင်ကာ မြန်မာ့လက်ရွေးစင် အသင်းတွင် ပါဝင်ကစားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကစားသမားဘဝ အနားယူခဲ့သည်။ ပြည်တွင်း အမှတ်ပေးပွဲများတွင် လည်းကောင်း၊ မလေးရှားလိဂ်၊ ထိုင်းလိဂ်တို့တွင်လည်းကောင်း ပရော်ဖက်ရှင်နယ် အဖြစ် သွားရောက်ကစားခဲ့ပြီး အာဆီယံဒေသတွင်း ထင်ရှားသည့် ကစားသမားတစ်ဦး ဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် နည်းပြအဖြစ် အဲပုဂံအသင်းနှင့်အတူ စတင်ခဲ့ပြီး သက်တမ်း အလိုက် မြန်မာ့လက်ရွေးစင် အသင်းများ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအား တာဝန်ယူခဲ့ပြီး ကစားသမားဘဝတွင်လည်းကောင်း၊ နည်းပြဘဝတွင်လည်းကောင်း အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြ ဦးမျိုးလှိုင်ဝင်း၏ ဦးဆောင်မှုဖြင့် နည်းပြ၊ အုပ်ချုပ်အဖွဲ့အား ဖွဲ့စည်းပြီးသည်နှင့် စင်ကာပူ၊ လက်ဘနွန် အစရှိသည့် လက်ရွေးစင်အသင်းများ အပါအဝင် ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲများ ဦးစွာယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယင်းနောက် AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲအား ဒီဇင်ဘာလ ၈ ရက်မှ စတင်ကာ အိမ်ကွင်း၊ အဝေးကွင်း အုပ်စုပွဲစဉ်များ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်မတ်လမှ စတင်၍ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲစဉ်များ၊ ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲများ ဆက်လက် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဧရာဝတီမြစ်အတွင်း ၂ လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၉ သိန်းအား ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၉**

ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါး ရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်း၍ ဧရာဝတီမြစ်အတွင်း ၂ လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၉ သိန်းအား မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းထိပ်၊ ဧရာဝတီကမ်းနားလမ်းရှိ ကရဝိက်ရေပေါ်မဂ်လာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မှ သာလျှင် ကုန်ပစ္စည်းများ များစွာရရှိမည်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းများသည် မိမိတို့နိုင်ငံအတွက် အထိုက်အလျောက် ဝင်ငွေရရှိကြောင်း၊ မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်း နှစ်ခုရှိပြီး ရေထွက်ပစ္စည်းများမှ ဝင်ငွေများပိုမိုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေသယံဇာတမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းသည် လွယ်ကူသည့် နည်းလမ်းဖြစ်ပြီး စနစ်တကျ ဆောင်ရွက်ပါက အောင်မြင်ဖြစ်ထွန်းကာ စားရေရိက္ခာဖူလုံသည့်အပြင် စီးပွားဖြစ်သည့် အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိပွားများနိုင်သည့် သဘာဝရေပြင်များစွာရှိပါကြောင်း၊ ငါးသယံဇာတများ သဘာဝရေပြင်တွင် ရေရှည်တည်ရှိပေါများစေပြီး ငါးရိက္ခာများ ရရှိစေရန် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် တစ်နိုင်ငံလုံးအနေဖြင့် ၂ လက်မအရွယ် ငါး၊ ပုစွန်သားပေါက်ကောင်ရေ ၄၀၅ ဒသမ ၁၀ သိန်းလျာထားပြီး မျိုးစိုက်ထည့် ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ယခုအခမ်းအနားတွင် ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း၊ ငါးခုံးမကြီး စသည့် ၂လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၉သိန်းကို မျိုးစိုက်ထည့်သွားမှာ ဖြစ်ပါကြောင်း၊ ငါးသားပေါက်များသည် ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့် ရေချိုရေပြင်များ၊ ဒုဋ္ဌဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်လက်တက်များသို့ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်ပါတယ်၊ ငါးသားပေါက်များ ကောင်းစွာ ဆက်လက်ရှင်သန်ကြီးထွားရန်နှင့် ဒေသနေပြည်သူများအတွက် ငါးရိက္ခာ အထောက်အပံ့ ဖြစ်စေရန် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ချက်များကို လေးစားလိုက်နာကာ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နေစေရေးကို အားလုံးပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးသံချောင်းက ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းနှင့် ငါးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာနမှပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း၊ ငါးခုံးမကြီးစသည့် ၂ လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၉ သိန်းကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## ဆမားဦးခင်(သေနပဂ)၏ သကြိန်ဖူးစာနှင့် ဝတ္ထုတိုများ ထွက်ရှိ



စာရေးဆရာ ဆမားဦးခင်(သေနပဂ)၏ သကြိန်ဖူးစာနှင့် ဝတ္ထုတိုများစာအုပ် သုခမရင်ပြင်စာပေမှ ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် ဆရာဘုန်းဇော်မိုးဉသာ(စာပေစေတမန်)၏ အမှာစာနှင့်အတူ အချစ်ဘာတရသ ဝတ္ထုတို ၃၂ ပုဒ်ကို စုစည်းကာ ထုတ်ဝေဖြန့်ချိလိုက်သည် "မျက်နှာဖုံး ဒီဇိုင်း မျိုးညီညီထွန်း၏ အပြင်အဆင်အတွင်း သရုပ်ဖော်စိုင်းမြတ်သူ၏ လက်ရာဖြင့် အလှဆင်ထားသည်" ဝတ္ထုတိုကြိုက်သူများ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ကာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၆၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **PNT**

**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာ့မြေကို စောင့်ရှောက်စို့။**



# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီးပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)ကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

ကျွန်တော်အပတ်စဉ်(၅) မှာ တက်ရတဲ့ အကြောင်းရင်းနဲ့ ရည်ရွယ်ချက်တွေ အများကြီးရှိပါတယ်။ နိုင်ငံကို ကာကွယ်ဖို့အတွက်၊ လူမျိုးဘာသာသာသနာကိုကာကွယ်ဖို့အတွက်ဝင်ရခြင်းဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ စစ်သားဘဝအများကြီး ကွာခြားပါတယ်။ ကျွန်တော်ငယ်ငယ်ကတည်းက စစ်သားအလွန်ဖြစ်ချင်တာ ဖြစ်ခွင့်ရမယ်လို့ ထင်မထားခဲ့ပါဘူး။ အခုလိုမျိုး မမျှော်လင့်ဘဲ ဒီလိုစစ်မှုထမ်းရတဲ့အတွက်ကြောင့် ကျွန်တော် အလွန်ဝမ်းသာပါတယ်။ စစ်မှုမထမ်းရသေးတဲ့ လူငယ်တွေကိုလည်း စစ်မှုထမ်းစေချင်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်ဖို့အတွက်ပါ။ သူငယ်ချင်းတွေကိုလည်း စစ်မှုထမ်းဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ပါတယ်။







ကျွန်တော်ကတော့ ဒုတိယနှစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကပါ။ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေပွန်အောင် ထမ်းဆောင်ချင်လို့ ဒီသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ အားကြိုးမာန်တက် လေ့ကျင့်ကြိုးစားနေတဲ့ အစ်ကိုကြီးတွေကို ကြည့်ပြီးတော့ ကြိုးစားချင်စိတ်တွေဖြစ်ပေါ်လာပါတယ်။ ကျွန်တော်လည်း ကြိုးစားသွားမှာပါ။

ဒီသင်တန်းကို လာရောက်တက်ရခြင်း ရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်း တာဝန်ကို ကိုယ်တိုင်လည်း ထမ်းဆောင်လိုစိတ်ရှိတဲ့ အတွက် လာရောက်တက်ခြင်းဖြစ်ပါတယ်။

သတင်းစဉ်









ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အသက် ၇၈ နှစ်အရွယ် အယ်လ်ဂျီးရီးယားသမ္မတ မဲ ၉၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ထပ်မံရွေးကောက်ခံရ



**အယ်လ်ဂျီးယားစ် စက်တင်ဘာ ၉**

အသက် ၇၈ နှစ်အရွယ် အယ်လ်ဂျီးရီးယားသမ္မတ ထောက်ခံမဲ ၉၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် စက်တင်ဘာ ၈ ရက်က ထပ်မံ ရွေးကောက်ခံရကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ရွေးကောက်ပွဲတွင် မဲပေးသူ စုစုပေါင်း ၅၆၃၀၀၀၀ ဦးရှိခဲ့ရာ တစ်သီးပုဂ္ဂလသမ္မတလောင်း ဖြစ်သူ လက်ရှိသမ္မတ အက်ဘ်ဒဲလ်မတ်ဂျစ်တက်ဘွန်း အနေဖြင့် ထောက်ခံမဲပေါင်း ၅၃၂၀၀၀၀ ရရှိခဲ့ကြောင်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်သည်။

၎င်း၏ အဓိကပြိုင်ဘက် သမ္မတလောင်းများအနက်မှ ရှေးရိုးစွဲဝါဒီ အက်ဘ်ဒဲလ်လာလီ ဟတ်ဆာနီချေရစ်ဖ်က ထောက်ခံမဲ ၃ ရာခိုင်နှုန်း၊ ဆိုရှယ်လစ်ဝါဒီယူဆက်ဖ်အူချီချေက ထောက်ခံမဲ ၂ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့သည်။

ပေါ်ထွက်လာသော အဆိုပါ မဲရလဒ်များသည် မှန်ကန်ပြီး တရားမျှတကြောင်း အယ်လ်ဂျီးရီးယား ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌချာဖီက အတည်ပြုပြောကြားသည်။

လူဦးရေ ၄၅ သန်းခန့် မှီတင်းနေထိုင်သော အယ်လ်ဂျီးရီးယားနိုင်ငံတွင် အလုပ်လက်မဲ့ အရေအတွက် လျော့ကျကာ အမျိုးသား စီးပွားရေးတိုးတက်အောင် လုပ်ဆောင်သွားမည်ဟု သမ္မတ အက်ဘ်ဒဲလ်မတ်ဂျစ်တက်ဘွန်းက ရွေးကောက်ပွဲ ကတိကဝတ်ပြုထားကြောင်း သိရသည်။

MON



ပါပူဝါနယူးဂီနီကျွန်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဒေသခံခရစ်ယာန်ဘာသာဝင်များကို စက်တင်ဘာ ၈ ရက်တွင် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ ပေးဝေနေစဉ်။ MON



## ဗင်နီဇွဲလား အတိုက်အခံနိုင်ငံရေးခေါင်းဆောင် စပိန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားပြီ

**ကရာကတ်စ် စက်တင်ဘာ ၉**

ဗင်နီဇွဲလား အတိုက်အခံ နိုင်ငံရေးခေါင်းဆောင် အက်ဒမန် ဒိုဂွန်ဇာလက်ဇ်အွာရူရှာ စပိန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၇၅ နှစ်အရွယ် ထို အတိုက်အခံနိုင်ငံရေးခေါင်းဆောင်အနေဖြင့် ၎င်းအတွက် အသက်အန္တရာယ်ရှိသဖြင့် ပြည်ပသို့ ရှောင်တိမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏နိုင်ငံရေးမဟာမိတ် မာရီယာကိုရီနာမာခါဒိုက ထုတ်ဖော်ပြောကြားသည်။

သမ္မတ နီကိုလတ်စ်မာဒူရို အစိုးရက ၎င်းကို ဖမ်းဝရမ်းထုတ်ဆင့်ပြီးနောက် စပိန်နိုင်ငံသို့ ရှောင်တိမ်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ MON

## နယ်ဖာတီတီမိဖုရားရုပ်တုကို ဌာနေသို့ပြန်ပို့ပေးရန် ဂျာမန်အာဏာပိုင်များထံ အီဂျစ်ဘက်က တောင်းဆို

**ကိုင်ရို စက်တင်ဘာ ၉**

ရှေးဟောင်းသမိုင်းဝင် နယ်ဖာတီတီမိဖုရားရုပ်တုကို ဌာနေအီဂျစ်နိုင်ငံသို့ ပြန်ပို့ပေးရန် ဂျာမန်အာဏာပိုင်များထံ အီဂျစ်ဘက်က တောင်းဆိုထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နာမည်ကျော်ရှေးဟောင်းသုတေသီ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဟောင်း ဇာဟီဟာဝပ်စ်က ဂျာမနီနိုင်ငံဘာလင်မြို့တော်ရှိ နျူယက်စ်ပြတိုက်မှ အဆိုပါမိဖုရားရုပ်တုကို မူလပိုင်ရှင် အီဂျစ်နိုင်ငံသို့ ပြန်ပို့ပေးရန် ဦးဆောင်အရေးဆိုလျက် ရှိသည်။


အီဂျစ်နိုင်ငံမှ တရားမဝင် ရယူထားသော အီဂျစ်ရှေးဟောင်း ပစ္စည်းများစွာ ဂျာမနီနိုင်ငံတွင် ရှိသည့်အနက် နယ်ဖာတီတီမိဖုရားရုပ်တုကိုသာမက ရှိဆက်တာကျောက်တုံးနှင့် ဒင်ဒယ်ရာဆယ့်နှစ်ရာသီခွင်ရုပ်တုတို့ကိုလည်း ပြန်ပေးစေလိုကြောင်း ၎င်းက ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှတစ်ဆင့် တောင်းဆိုနေခြင်းဖြစ်သည်။

တရားဝင် ရယူပိုင်ဆိုင်ထားသော အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများ ကို မိမိပြန်တောင်းနေခြင်း မဟုတ်ဘဲ တရားမဝင်ရယူထားသောအရာများကို ပြန်တောင်းနေခြင်းသာ ဖြစ်သည်ဟု ဇာဟီဟာဝပ်စ်က ရှင်းပြကြောင်း သိရသည်။

MON

0-0-0-0-0

# STOP AIDS



## ငွေချေးပေးသော အွန်လိုင်းအပလီကေးရှင်းများက ဖိလစ်ပိုင်နိုင်ငံသားများကို လိမ်လည်ခြိမ်းခြောက်နေ

**မနီလာ စက်တင်ဘာ ၉**

ငွေချေးပေးသော အွန်လိုင်း အပလီကေးရှင်းများက ဖိလစ်ပိုင် နိုင်ငံသားများကို လိမ်လည်ခြိမ်း ခြောက်နေကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ဖေ့စ်ဘွတ်ခ်အပါအဝင် အင်တာနက်လူမှုကွန်ရက်များမှ တစ်ဆင့် ကြော်ငြာကာ ငွေချေး လုပ်ငန်း လုပ်ဆောင်နေသူများ နိုင်ငံအချို့၌ ဝန်ဆောင်မှုကောင်း စွာပေးနေသည်ဟု ထင်ရသော်လည်း စင်စစ်တွင် အရေးပေါ်ငွေ လိုသဖြင့် ယုံစားပြီးအလွယ်တကူ ငွေချေးယူမိသူများ မိမိတို့နိုင်ငံတွင်မှု အခက်ကြုံနေရကြောင်း အသက် ၃၁ နှစ်အရွယ် မနီလာမြို့သား လန့်စ်က ထုတ်ဖော်ပြောကြားသည်။

၂၀၁၉ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် စီးပွားရေးကျဆင်းကာ လူအများစု ဝင်ငွေထိခိုက်ရာမှ ငွေလိုနေသူများအကြား အွန်လိုင်းငွေချေးအပလီကေးရှင်းများ ပေါ်ထွက်လာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှ ငွေချေးယူမိသူများအနေဖြင့် ထိုအပလီကေးရှင်းများမှ ငွေလွှဲခ အဆမတန်ကောက်ခံခြင်း၊ လိမ်လည်လှည့်ဖြားခြင်းများကြုံတွေ့ကာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း သိရသည်။

MON

## ဘင်္ဂလားဒေ့ရှ်ရေဘေးသင့်သူများကိုထောက်ပံ့ရန် စင်ကာပူအစိုးရ အမေရိကန်ဒေါ်လာတစ်သိန်းမ,တည်

**စင်ကာပူ စက်တင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ် ရေဘေးသင့် သူများကို ထောက်ပံ့ရန်အတွက် စင်ကာပူအစိုးရက အမေရိကန် ဒေါ်လာတစ်သိန်း မ,တည်မည်ဟု စက်တင်ဘာ ၈ ရက်တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ပြန်ကြေညာ ကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

စင်ကာပူကြက်ခြေနီအသင်းကမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရေဘေးသင့်ဒေသများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ပေးရန် အမေရိကန်ဒေါ်လာ ၅ သောင်း ကျခံသုံးစွဲသွားမည်ဟု ဆိုသည်။

အဆိုပါရေဘေးအတွက် ဆက်လက်ကူညီထောက်ပံ့နိုင်ရန် စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၃၁ ရက်နေ့အထိ အလှူငွေများ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ MON



## ပြည်ပခရီးသွားပြီး အိန္ဒိယသို့ပြန်လာသူတစ်ဦးထံမှ မျောက်ကျောက်ရောဂါ ရှာဖွေတွေ့ရှိသည်ဟု ဆို

**ဒေလီ စက်တင်ဘာ ၉**

ပြည်ပခရီးသွားပြီး အိန္ဒိယသို့ ပြန်လာသူတစ်ဦးထံမှ မျောက်ကျောက်ရောဂါ ရှာဖွေတွေ့ရှိ သည်ဟု အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက စက်တင်ဘာ ၈ ရက်တွင် အတည်ပြုကြေညာ ကြောင်း စီအင်န်အေသတင်းဌာန က ဖော်ပြသည်။

ထိုရောဂါ ကူးစက်နေသည် ဆိုသော နိုင်ငံတစ်နိုင်ငံမှ ထိုလူ ပြန်လာပြီးနောက် ဖျားနာကာ အခြားလက္ခဏာများလည်းမပြသဖြင့် ရောဂါရှာဖွေစစ်ဆေး ကြည့်ရာမှ ယင်းကဲ့သို့အတည် ပြုနိုင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ မျောက်ကျောက်ရောဂါ ပုံစံနှစ်မျိုးရှိရာ ယခုတွေ့ရှိခဲ့သည်ဆိုသော ရောဂါကို အိန္ဒိယကျန်းမာရေးဝန်ကြီး ဌာနက ခွဲခြားဖော်ပြခြင်းမရှိခဲ့ ကြောင်း ဟိန္ဒူနေ့စဉ်သတင်းစာ က ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ လူထု ကျန်းမာရေး အရေးပေါ်အခြေ အနေအဖြစ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့က သတ်မှတ်ကြေညာထား သော ထိုမျောက်ကျောက်ရောဂါ မူလပုံစံကူးစက်ခံရသူပေါင်း ၃၀ ဦးထက်မနည်း အိန္ဒိယနိုင်ငံတွင် တွေ့ရှိပြီးဖြစ်ကြောင်း သိရသည်။

MON

0-0-0-0-0



## ကလေးသူငယ် ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား ဆိုင်းဘုတ်ပိုစတာ စိုက်ထူဖွင့်ပွဲ ပြုလုပ်



**ကလော စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်၊ တပ်ဖွဲ့စိတ်မှူးရဲအုပ် ဝင်းညွန့်ဦး ဦးဆောင်၍ အဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲက ကလောမြို့ အများပြည်သူသွားလာသည့် မင်းလမ်းမကြီးဘေးတွင် ကလေးသူငယ် ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား ဆိုင်းဘုတ်ပိုစတာ စိုက်ထူဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမာ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာန မြို့နယ်လဝကမှူး ဦးစိုင်းရန်နိုင်တို့က ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား ဆိုင်းဘုတ်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အောင်ပန်းမြို့ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်အနေဖြင့် လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သည့် ဆိုးကျိုးများ၊ လူကုန်ကူးမခံရအောင် သတိပြုရှောင်ရှားရမည့်အချက်များ၊ လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများကို ကလောမြို့နယ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အောင်ပန်းမြို့ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်၊ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဝင်းညွန့်ဦးထံက သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် အရေးပေါ် မီးငြိမ်းသတ်နည်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အသိပညာပေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်း၊ လက်တွေ့ပူးပေါင်းဆောင်ရွက်စေခြင်းများကို၊ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက သီရိမင်္ဂလာရပ်ကွက်ရှိ LCIS Pre-school Kyaukpadaung Campus(International English School)တွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းလုပ်ငန်းများကို မီးသတ်ဦးစီးဌာနမြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုမဖြစ်စေရေးအတွက် ကြိုတင်တားဆီးကာကွယ်ရမည့် နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားလာပါက အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မီးငြိမ်းသတ်နည်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် မီးသတ်ဆေးဘူး၏ အသုံးဝင်ပုံနှင့် စွမ်းဆောင်ရည်များ၊ ကိုင်တွယ်အသုံးပြုနည်းနှင့် အသုံးပြုနိုင်သည့် သက်တမ်းကာလတို့ကို လက်တွေ့ ရှင်းလင်းပြသသည်။ ဆက်လက်၍ ကျောင်းရှေ့မြက်ခင်းပြင်တွင် ဆီမီးလောင်မှု ငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသ၍ တာဝန်ရှိဆရာ၊ ဆရာမများ၊ ကျောင်းလုပ်သားများကို လက်တွေ့ပါဝင်ဆောင်ရွက်စေခြင်းဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**(အပေါ်ပုံ)**

အဆိုပါ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၇ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ပါဝင်ပြီး၊ LCIS Pre-school Kyaukpadaung Campus (International English School)မှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးနိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းလုပ်သားများ အင်အား ၁၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၄၅၆)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပြင်ဦးလွင်-မန္တလေးလမ်းတွင်သစ်ပင်လဲကျ ရှင်းလင်းဖယ်ရှားပေး

**ပြင်ဦးလွင် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇) ၊အနီးစခန်း၊ ပြင်ဦးလွင်-မန္တလေးလမ်း၊ မိုင်တိုင်အမှတ်(၃၆)၊ စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် စက်တင်ဘာ ၉ ရက် နံနက် ၅ နာရီခန့်က မိုးရွာသွန်းပြီးလေတိုက်မှုကြောင့် လုံးပတ် ၄ပေ၊ အမြင့် ၃၅ ပေခန့်ရှိ သစ်ပင်လဲကျ၍ လမ်းပေါ်တွင် သစ်ကိုင်းများပိတ်နေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးသန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရတနာပုံနယ်မြေမီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

## ဝေါမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရန်ကုန်မြို့ဘက်မှ ဘားအံမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော ခရီးသည် သူရထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၆၀ ပြားနှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီက အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ ရဲဝင်းဆွေ(ခ)ကျော်နိုင်အား လသာမြို့နယ်၊ ကမ်းနားလမ်းနှင့် လမ်း ၂၀ထောင့်တွင် လက်ကိုင်ဖုန်း ၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် သူရ (၃၈)နှစ်နှင့် ရဲဝင်းဆွေ(ခ)ကျော်နိုင်(၃၆)နှစ်တို့အား ဝေါမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက် ရှိသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်တွင် စိုင်းမောင်မြင့် မောင်းနှင်ပြီး အိုက်ပီး(ခ)ဆူထပ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း အလေးချိန် ၉၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းမောင်မြင့်(၂၆)နှစ်နှင့် အိုက်ပီး(ခ)ဆူထပ်(၂၃)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။ **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့မှ ဖမ်းဆီးခံရသော လူငယ်များကို ခိုလန်နှင့် နမ့်စန်မြို့များသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၉

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့၌ စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခံရသော လူငယ်များကို ခိုလန်နှင့် နမ့်စန်မြို့များသို့ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အဆိုပါမြို့များမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန် အတွက် ပေါ်တာဆွဲဖမ်းဆီးမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း




ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဓာတ်ပုံအဟောင်းများကို အသုံးပြု၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Yeko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်သဲ(ခ)ရဲကိုအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ “@aunglay 12314” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သာယာမွန်ကျေးရွာနေ အောင်ဝေလင်းအား ည ၈ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Thein Oo Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက်နေ သိန်းဦးကြည်အား ည ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပျော်ဘွယ်မြို့နယ်တွင် အင်ဂျင်ပါဝါသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



ပျော်ဘွယ် စက်တင်ဘာ ၉

ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးဆောင်၍ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာတို့ကို တွင်ကျယ်စွာအသုံးပြုလာတတ်စေရန်ရည်ရွယ်၍ အင်ဂျင်ပါဝါသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၉ ရက်၊ နံနက် ၈ နာရီခွဲက ရန်အောင်ကျေးရွာအုပ်စု၊ ပင်းစုကျေးရွာ တောင်သူဦးကျော်ဟိန်း၏ လယ်မြေနှစ်ဧကတွင် ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန၊ ရမည်းသင်းခရိုင်ဦးစီးမှူး ဦးသီဟဇော်က လက်ဆွဲကောက်စိုက်အသုံးပြု၍ စိုက်ပျိုးမည်ဆိုပါက စိုက်ခင်းလယ်မျက်နှာပြင် ညီညာမှုရှိစေရေး၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်သာလိုအပ်ခြင်းစသည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးလှနိုင်ဌေးက အင်ဂျင်ပါဝါသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ (အပေါ်ပုံ)

ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေအတွင်း လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ လက်တွေ့စိုက်ပျိုးပြသကြရာ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

၀-၀-၀-၀-၀

➤ စာမျက်နှာ ၂၄ မှ

နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်ကာ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်သို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

### သတိပေးနိုးဆော်ချက်

အဆိုပါ အားကောင်းသော မုန်တိုင်းအရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဓလ

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

မြစ်သား စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဘိုးဘွားရိပ်သာအတွင်းအပြင် သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ကြသည်။ (ယာပုံ)



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ဘိုးဘွားရိပ်သာအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ သစ်ခိုင်းခြောက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များလှည်းကျင်း၍ အမှိုက်သိမ်းယာဉ်ပေါ်သို့ ပို့ဆောင်ပေးခြင်းများဆောင်ရွက်ကြသည်။ အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာသို့ ရဲတပ်ဖွဲ့ဝင်အင်အား စုစုပေါင်း (၄၁)ဦး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Aryna Sabalenka ဆွတ်ခူး

**နယူးယောက်ခ် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ ဘီလာရု တင်းနစ်မယ် Aryna Sabalenka သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်အမေရိကန် တင်းနစ်မယ် Jessica Pegula အား ၇-၅၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## 2024 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**နယူးယောက်ခ် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Taylor Fritz အား ၆-၃၊ ၆-၄၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၃)နှစ်အရွယ်ရှိ Jannik Sinner က ကျွန်တော် အခုလို 2024 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## စီရော်နယ်လ်ဒို ဂိုးသွင်းယူနိုင်သည့် နိုင်ငံလက်ရွေးစင်အသင်း ၄၈ သင်းအထိ ရှိလာခဲ့

**လန်ဒန် စက်တင်ဘာ ၉**



ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒို ဂိုးသွင်းယူနိုင်သည့် နိုင်ငံလက်ရွေးစင်အသင်းပေါင်း ၄၈သင်းအထိ ရှိလာခဲ့သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက စကော့တလန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး ရယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်လာနိုင်ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ တစ်လျှောက်တွင် ကလပ်အသင်းနှင့် နိုင်ငံလက်ရွေးစင်အသင်းအတွက် သွင်းဂိုးပေါင်း ၉၀၁ ဂိုးအထိလည်း သွင်းယူထားနိုင်ပြီးဖြစ်သည်။

အသက်(၃၉)နှစ် အရွယ်ရှိ စီရော်နယ်လ်ဒိုက ကျွန်တော် အခုလို ဂိုးသွင်းယူနိုင်သည့် နိုင်ငံလက်ရွေးစင်အသင်း ၄၈ သင်းအထိ ရှိလာခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းမှာလည်း ဂိုးတွေ သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## ဗန်ဒိုက်ချ် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိ

**လီဗာပူး စက်တင်ဘာ ၉**

နောက်ခံကစားသမား ဗန်ဒိုက်ချ်သည် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နောက်ခံကစားသမား၏ စာချုပ်သက်တမ်းသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒိုက်ချ်အား လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက လီဗာပူးအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



အသက်(၃၃)နှစ် အရွယ်ရှိ ဗန်ဒိုက်ချ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၂၇၃ ပွဲကစားကာ ၂၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် နောက်ခံကစားသမား ဗန်ဒိုက်ချ်အနေဖြင့် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆိုနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**



## စပိန်အသင်းက ဆွစ်ဇာလန်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၉**

ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက စပိန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဆွစ်ဇာလန်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၄ မိနစ်တွင် ဂျိုဆေးလူ၊ ပွဲချိန် ၁၃ မိနစ်နှင့် ၇၇ မိနစ်တွင် ဖေဘီယန်ရုခ်၊ ပွဲချိန် ၈၀ မိနစ်တွင် ဖာရန်တောရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၃ ရက်တွင် ဒိန်းမတ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။**(အပေါ်ပုံ)**

**(NGB)**

## ဂျိုကာရက်စ် စပို့တင်းလစ္စဘွန်းအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၉**

စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး ဂျိုကာရက်စ် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်၊ မန်ချက်စတာစီးတီးအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ပုံ)**



တိုက်စစ်မှူး ဂျိုကာရက်စ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၅၅ ပွဲကစားကာ ဂိုး ၅၀ ထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းကလည်း ဂျိုကာရက်စ်အတွက် စာချုပ်လျော်ကြေး ယူရိုသန်း ၁၀၀ ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ဂျိုကာရက်စ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## နိုင်ငံတကာခြေစမ်းပွဲများ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၉-၂၀၂၄ အင်္ဂါနေ့ | ည ၇း၃၀နာရီ | ဗီယက်နမ် - ထိုင်း |
| ။ | ည ၁၀း၃၀နာရီ | မော်လ်ဒိုဗာ - ဆန်မာရီနို |

## ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၀-၉-၂၀၂၄ အင်္ဂါနေ့ | ညနေ ၆း၃၀နာရီ | A | မြောက်ကိုရီးယား - ကာတာ | မြောက်ကိုရီးယား ၀-၆ ကာတာ |
| ။ | ။ | C | တရုတ် - ဆော်ဒီအာရေဗျ | တရုတ် ၁-၁ ဆော်ဒီအာရေဗျ |
| ။ | ။ | ။ | အင်ဒိုနီးရှား - ဩစတြေးလျ | ——— |
| ။ | ည ၈း၃၀နာရီ | A | ကာဂျစ်စတန် - ဥဇဘတ်ကစ္စတန် | ကာဂျစ်စတန် ၀-၃ ဥဇဘတ်ကစ္စတန် |
| ။ | ။ | B | ပါလက်စတိုင်း - ဂျော်ဒန် | ပါလက်စတိုင်း ၀-၀ ဂျော်ဒန် |
| ။ | ။ | ။ | အိုမန် - တောင်ကိုရီးယား | ——— |
| ။ | ည ၁၀း၃၀နာရီ | A | ယူအေအီး - အီရန် | ယူအေအီး ၀-၁ အီရန် |
| ။ | ။ | C | ဘာရိန်း - ဂျပန် | ဘာရိန်း ၁-၃ ဂျပန် |
| ၁၁-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၁၂း၃၀နာရီ | B | ကူဝိတ် - အီရတ် | ကူဝိတ် ၂-၂ အီရတ် ——— |

## ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၀-၉-၂၀၂၄ အင်္ဂါနေ့ | ည ၁၀း၃၀နာရီ | လတ်ဗီးယား - ဖာရိုးကျွန်းစု | လတ်ဗီးယား ၁-၀ ဖာရိုးကျွန်းစု |
| ၁၁-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | ဟန်ဂေရီ - ဘော့စနီးယား | ——— |
| ။ | ။ | နယ်သာလန် - ဂျာမနီ | နယ်သာလန် ၁-၁ ဂျာမနီ |
| ။ | ။ | အယ်လ်ဘေးနီးယား - ယူကရိန်း | အယ်လ်ဘေးနီးယား ၀-၀ ဂျော်ဂျီယာ |
| ။ | ။ | ချက် - ယူကရိန်း | ချက် ၁-၁ ယူကရိန်း |
| ။ | ။ | အင်္ဂလန် - ဖင်လန် | ——— |
| ။ | ။ | အိုင်ယာလန် - ဂရိ | အိုင်ယာလန် ၀-၂ ဂရိ |
| ။ | ။ | အန်ဒိုရာ - မော်လ်တာ | အန်ဒိုရာ ၀-၀ မော်လ်တာ |
| ။ | ။ | မြောက်မက်ဆီဒိုးနီးယား - အာမေးနီးယား | မြောက်မက်ဆီဒိုးနီးယား ၃-၁ အာမေးနီးယား |

## ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ



**တောင်ကြီး စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေး ပိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းဆွေဝင်းက ဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ရွက်မှု(VIDEO CLIP) ပြသသည်။ ထို့နောက် တောင်ကြီးမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်မျှော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် သီဆိုဂုဏ်ပြု ဖျော်ဖြေကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားရှိ ပညာရေးပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)



## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၂၇) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် ကျောင်းအုပ် ဆရာမကြီးဒေါ်စန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူးဒေါ်နှင်းမမဦးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏အမြင်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ လူငယ်ရေးရာနှင့် ပတ်သက်သည့် စာအုပ်များ၊ လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လက်ဝှေ့လက်ရွေးစင်ရွေးချယ်ရေး အမျိုးသား၊ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲများ စတင်ကျင်းပ

**မန္တလေး စက်တင်ဘာ ၉**

ပဉ္စမအကြိမ် အမျိုးသား အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင်ရွေးချယ်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ကလပ်တွင် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက စတင်ကျင်းပသည်။ လက်ရွေးစင်ရွေးချယ်ပွဲတွင် အမျိုးသမီးသက်ငယ် ၄၈ကီလိုတန်းတွင် နှင်းအိစံ(အား/ကာသိပ္ပံ)နှင့် လောမံ(အား/ကာသိပ္ပံ)၊ သက်ငယ်အမျိုးသမီး ၅၀ ကီလိုတန်းတွင် ဝါဝါထွန်း(အား/ကာသိပ္ပံ)နှင့်လွန်းသွဲ့နွမ်း(အား/ကာသိပ္ပံ)အတွဲ၊ အမျိုးသားသက်ငယ် ၅၁ကီလိုတန်းတွင် ဘုန်းစွမ်းအောင်(UMC ကလပ်) နှင့် ပြည့်လျှံဖြိုး(King Bando)၊ အမျိုးသားသက်ငယ် ၆၀ကီလိုတန်းတွင် ဘုန်းကျော်ဦး(အား/ကာသိပ္ပံ) နှင့်ညဏ်လင်းအောင်(အား/ကာသိပ္ပံ)၊ အမျိုးသားသက်ငယ် ၇၁ ကီလိုတန်းတွင် ရဲမင်းခန့်(အား/ကာသိပ္ပံ)နှင့်မြတ်သူ(ချမ်း/စည်) အတွဲတို့ ပွဲဦးထွက် ယှဉ်ပြိုင်ထိုးသတ်ကြသည်။

မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင်ရွေးချယ်ရေး အမျိုးသမီး၊ အမျိုးသားလက်ဝှေ့ပြိုင်ပွဲများသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလက်ဝှေ့ဆပ်ကော်မတီဝင်များ၊ လက်ဝှေ့အားကစားချစ်မြတ်နိုးသူများလာရောက်ကြည့်ရှုအားပေးကြသည်။

(ယာပုံ)(၀၄၅)



## နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ရေနံချောင်း စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်သည့် (၅၈)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စာပေချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန (Community Center) ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွန်)နှင့် အသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကာ စာရေးဆရာလူခါးနှင့်အခြားစာရေးဆရာများ ပါဝင်ရေးသားထားသည့် လူငယ်နှင့် အောင်မြင်မှုပန်းတိုင်ဆီသို့ စာအုပ်ကို ဖတ်ရှုကြပြီး အဆိုပါစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို အပြန်၊ အလှန်ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

## ပို့ကုန်မူဝါဒဖြေလျှော့ပေးပြီးနောက်ပိုင်း ပြည်ပဆန်တင်ပို့မှု မြင့်တက်လာ

ဇူလိုင်လတွင် ... [see below]

ဗဟိုတာဏ်မှ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ ဖြေလျှော့သတ်မှတ်ပေးပြီးနောက်ပိုင်း ပြည်ပဆန် တင်ပို့မှုမြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဖော်ပြထားသည့် စာရင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်၏ ငါးလတာကာလအတွင်း ပြည်ပသို့ဆန်တန်ချိန် ခုနစ်သိန်းကျော် တင်ပို့ထားပြီး ဝင်ငွေအနေဖြင့် ကန်ဒေါ်လာ ၃၅၃ သန်း ရရှိထားသည်။

ထို့အပြင် ပြည်ပဆန်တင်ပို့မှုအနေဖြင့် ဩဂုတ်လတွင် ဆန်တန်ချိန် နှစ်သိန်းကျော်တင်ပို့နိုင်ခဲ့ပြီး ကန်ဒေါ်လာ ၉၇ သန်းရရှိခဲ့ကာ တင်ပို့မှုလအလိုက် နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လသည် အများဆုံး တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာ့ဆန်ကို နိုင်ငံပေါင်း ၃၀သို့ ပင်လယ်ရေကြောင်းနှင့်ကုန်းလမ်းတို့မှ တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ မက်ထရစ်တန်ချိန် ၂၀၃၄၁၉တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ မက်ထရစ်တန်ချိန် ၃၉၅၀တန် တင်ပို့ခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁၈၆၂ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် ၇၁၂၇၉ ဒသမ ၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆၂၃၂၅ ဒသမ ၇၅ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅၄၄၄ ဒသမ ၃ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်း၊ ဩဂုတ်လတွင် ၂၀၇၃၆၉ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၇ သန်း ရရှိထားသည်။

ယခင်ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်း တင်ပို့မှုမှ ကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



# ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ



**အောင်လံ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အောင်လံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အောင်လံမြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်က သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်နှင့် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ သန်းခေါင်စာရင်းဥပဒေ၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အကြောင်းအရာများ ပိုမိုသိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**



# အသိပညာပေးဆွေးနွေးပွဲနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းခေတ်မီစံပြကျေးရွာ၌ မြို့နယ်အဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်ကြက်ခြေနီအသင်းမှ ခရိုင်တာဝန်ခံ ဦးနေဦးက ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပြောကြားသည်။ ၎င်းနောက် မိတ္ထီလာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညောင်ကိုင်းတိုက်နယ်တာဝန်ခံ ဒေါ်သိန်းညွန့်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစုမိုမိုအောင်က တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အသိပညာများအကြောင်း ရှင်းလင်းပြောကြားသည်။

၎င်းနောက် သမဝါယမဦးစီးဌာနမှ ဌာနခွဲစာရေး ဒေါ်သန္တာသန်းက သမဝါယမစာရင်းကိုင်စာရင်းရေးသင်တန်းကို ပျော်ကုန်းကျေးရွာမှ သင်တန်းသား ၂၀ ဦးအား သင်တန်းပို့ချပေးခဲ့သည်။ ဆက်လက်၍ ညောင်ကိုင်းတိုက်နယ် ကျန်းမာရေးဝန်ထမ်းများက ပျော်ကုန်းကျေးရွာသူ၊ ကျေးရွာသားများကို နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပျော်ကုန်းကျေးရွာသူ၊ ကျေးရွာသား ၂၀၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၆၉)



# မိုးသီးနံ့ မြေပဲတောင့်များ တူးဖော်ရိတ်သိမ်းခြွေလှေ့၍ စတင်ရောင်းချ

**ပင်းတယ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၇ အုပ်စုကျေးရွာ ၁၃၅ရွာအတွင်း တောင်ယာ၊ လယ်ယာခြံများတွင် ယခုနှစ်အချိန်မီ စိုက်ပျိုးထားသော မိုးရာသီနံ့ မြေပဲခင်းများမှ မြေပဲတောင့်များအား မိုးရာသီမကုန်မီ စက်တင်ဘာလ ပထမပတ်မှ စတင်တူးဖော်ရိတ်သိမ်းခြွေလှေ့ရောင်းချပေးလျက်ရှိပါကြောင်း ဒေသခံမြေပဲစိုက်တောင်သူများထံမှ သိရသည်။

အဆိုပါ မိုးရာသီမြေပဲခင်းများအား မိသားစုစားဝတ်နေရေးအဖြစ် အဓိကထား စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများကိုယ်စား ကျောက်စုကျေးရွာအုပ်စု၊ ကိုးလုံးကျေးရွာနေ တောင်သူတစ်ဦးက "ကျွန်တော်တို့ မြေပဲစိုက်စဉ်အခါက စိုက်ပျိုးစရိတ်(ရင်းနှီးငွေ)အဖြစ် တစ်ဧကကို ငွေကျပ် ၁၀သိန်းခန့်ကုန်ကျပေမယ့် မိုးပုံမှန်ရွာသွန်းပေးမှုကြောင့် မိုးရာသီမကုန်မီ စတင် တူးဖော်ခူးဆွတ်ခြွေလှေ့၍ မြေပဲတောင့်များအား တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် ဓနုဒေသ၊ ပင်းတယမြို့ပေါ် ကုန်စည်ဒိုင်များထံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ကျွန်တော်တို့ရွာမှာ ပဲနောက်ရေထွက်အင်းအနီးတစ်ဝိုက် လယ်မြေများတွင် မြေပဲစိုက်ခင်း စုစုပေါင်းဧက ၃၀ စိုက်ပျိုးထားရှိပြီး အထွက်နှုန်းမှန်ကန်မှုရှိကြောင်းနှင့်တူးဖော်ရိတ်သိမ်းခြွေလှေ့ရောင်းချပေးခြင်း လုပ်ငန်းများ ဓနုဒေသအခေါ် လက်စားချို၊ လက်စားဆပ်စနစ်ဖြင့်ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဓနုဒေသ ပင်းတယမြို့နယ်အတွင်း၌ နေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသား မိဘပြည်သူများ၏ မိသားစုစားဝတ်နေရေးစီးပွားရေးလုပ်ငန်းမှာ တောင်ယာ၊ လယ်ယာခြံများ၌ နှစ်တို၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးလုပ်ကိုင်ခြင်းလုပ်ငန်းသည် အဓိကလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ယခုတူးဖော်ရိတ်သိမ်းခြွေလှေ့ရရှိလာသော မြေပဲသီးနှံများ ဈေးနှုန်းမှန်ကန်စွာ ရရှိစေလိုကြောင်း တောင်သူများထံမှ သိရကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၃၈၈)

# တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများနှင့် လုပ်ငန်းအသိပေးဆွေးနွေး

**မန္တလေး စက်တင်ဘာ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့်မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများနှင့် လုပ်ငန်းအသိပေးဆွေးနွေးပွဲကို Easterm Palace Hotelတွင် စက်တင်ဘာ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးများ၊ မြို့နယ်ကြက်ခြေနီလူငယ်ခေါင်းဆောင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးရာဌာနမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာလင်းလင်းသက်မှ ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

# ငရုတ်ဈေးအနည်းငယ်ပြန်တက်လာပြီး အရောင်းအဝယ် အေးနေ

သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ငရုတ်ဈေးအနည်းငယ်ပြန်တက်လာကြောင်း ငရုတ်ကုန်သည်များထံက သိရသည်။

"အဓိက သယ်ယူပို့ဆောင်ရေးကြောင့် ဈေးမတူတာပေါ့။ သယ်ယူပို့ဆောင်ရေး ခက်ခဲတဲ့နေရာတွေမှာ ကုန်ကျစရိတ်များတော့ ဈေးပိုများသွားတဲ့ သဘောပါ။ ငရုတ်ထွက်တဲ့ ဒေသတွေမှာဆို ဈေးမရဘူး"ဟု ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပန်းရဲတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀- ၆၅၀၀၊ မြားနီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ -၆၀၀၀နှင့် မိုးထောင်မြစ်ဝတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ -၁၂၀၀၀၊ ဆင်ဖြူကျွန်းပုတစ်ပိဿာ ငွေကျပ် ၉၀၀၀- ၁၁၀၀၀ ထိ ပေါက်ဈေးရှိသည်။

လက်ရှိမှာ နိုင်ငံခြားတင်ပို့နိုင်ခြင်းမရှိသေးသော်လည်း ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချနေရ၍သာ တောင်သူများအနေဖြင့် အဆင်ပြေနေခြင်း ဖြစ်သည်။




ရှမ်းပြည်နယ်ဘက်မှာလည်း ဈေးငြိမ်နေပြီး ပြီးခဲ့သည့် နှစ်ဖြင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် အရောင်းအဝယ်အေးနေသည်။

"ငရုတ်က ဈေးကွက်ကို ပျောက်ထွက်သွားတယ်။ ၅၀၀၊ ၁၀၀၀ လောက်ကတော့ ဈေးတက်တယ် မခေါ်ဘူး။ သူတို့ကုန်ဆွဲတာများရင် ငွေကျပ် ၅၀၀၊ ၁၀၀၀ လောက် ဈေးတင်ရောင်းလိုက်တဲ့သဘောပါ။ အရင်နှစ်တွေက ဝမ်းတွင်း၊ မိတ္ထီလာတစ်ကြောငရုတ်သီးလှိုင်လှိုင်ထွက်တဲ့ ဒေသတွေမှာ အရင်တရုတ်က ဆွဲတယ်။ တရုတ်က မဆွဲရင် ထိုင်းက ဆွဲတယ်။ ဒီနှစ်က လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ၊ ပိတ်ထားတာတွေ ရှိတယ်။ ကုန်သွယ်လို့မရတဲ့နေရာတွေရှိတယ်။ ငရုတ်ဈေးကွက်က ပို့ကုန်သမားဝယ်သူမရှိဘူး"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ငရုတ်သီးနှံကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး မိုးကြိုငရုတ်ကို မတ်လနှင့် ဧပြီလတို့၌ စိုက်ပျိုးကာ ဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိကြောင်း သိရသည်။

**ရွှေမန်း**



# မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိတ်များ စိုက်ထည့်

**ပွင့်ဖြူ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနက ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ ကြွယ်ဝစေရန် ရည်ရွယ်၍ စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်အနီး မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိတ် စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိတ်စိုက်ထည့်ပွဲ အခမ်းအနားသို့ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဒေါ်စံပယ်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးသားဖောက်စခန်း တာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ငါးသယံဇာတဖူလုံစေရေးအတွက် မုန်းချောင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ငါးမျိုးစိတ်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ငါးမျိုးစိတ်ကောင်ရေ ၁၀၀၀၀၀၊ စုစုပေါင်း ငါးမျိုးစိတ်ကောင်ရေ ၂၀၀၀၀၀ အား စုပေါင်းမျိုး စိုက်ထည့်ပေးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနအနေဖြင့် ဒေသတွင်းရှိ ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရန်နှင့် ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် နှစ်စဉ်မြို့နယ်အတွင်းရှိ မြစ်၊ ချောင်းနှင့် ဆည်တမံများ၊ စပါးစိုက်လယ်မြေများ အတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ပေးခြင်းလုပ်ငန်းကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့်အပြင် မြို့နယ်ငါးသားဖောက်စခန်းကလည်း ဒေသခံရေလုပ်သားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း စသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ကာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် အခြေခံငါးမွေးမြူရေးဆိုင်ရာ သင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဌာနမှူးထံမှ သိရသည်။

(ဝဲပုံ)(၄၄၅)



# ကျွန်းရောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဥ္စမအကြိမ် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျွန်းရောင်းကျေးရွာအုပ်စု၊ ကျွန်းရောင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွန်းရောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ဦးကို ငွေကျပ် ၂၆ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ကျေးရွာ မ,တည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နော်လူး





# ပြည်သူလူထုပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး Talk Show ပြုလုပ်

**ဟုမ္မလင်း စက်တင်ဘာ ၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအသိပညာပြန့်ပွားရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး 'ပြည်သူလူထုပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း' အသိပညာပေး ခေါင်းစဉ်ဖြင့် Talk Show ကို ယမန်နေ့ နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူလူထုပူးပေါင်း ပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခါတ်ပုံကျွမ်းကျင်(၂) ဒေါ်နန်းမဥ္ဇူအေးက၊ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်များ၊ သစ်ပင်စိုက်ပျိုးခြင်း ပြုစုထိန်းသိမ်းခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ၂၀၂၄ခုနှစ် ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးထားရှိမှုအခြေအနေ၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့်ပြုစုထိန်းသိမ်းခြင်းတို့တွင် ပြည်သူလူထုပူးပေါင်းပါဝင်အောင် ဆောင်ရွက်ချက်များစသည်ဖြင့် မေးမြန်းဆွေးနွေးခဲ့ရာ ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ဖိုးက သစ်တောသစ်ပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်များ သစ်တောသစ်ပင်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းအရ နှစ်စဉ်လူထုဖြန့်ဝေခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်၊ သစ်ပင်စုစုပေါင်း ၁၁၅၀၀ပင် စိုက်ပျိုးနိုင်ခဲ့ပြီး သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရန်၊ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပလှရှိပြီး သစ်တောရုံးရှိ မျိုးဥယျာဉ်တွင် ပျိုးပင်များ ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေရန် ပျိုးထောင်ထားပြီး ပညာရေးကျောင်းများ ဒေသခံများနှင့်အစည်းအဝေးပွဲများ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အိုဇုန်းလွှာ ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းတို့မှ ကာကွယ်ရန်၊ သစ်တောသစ်ပင်စိုက်ပျိုးမှုနှင့်ထိန်းသိမ်းခြင်းများ၊ လက်ရှိကမ္ဘာကြီးသည် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာပြီး လူဦးရေတိုးပွားလာမှု စက်ရုံ၊ အလုပ်ရုံပေါ်များလာမှုတို့ကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်များ လျော့ပါးလာစေရန် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကြရန် စသည်ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ (အပေါ်ပုံ)

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအသိပညာတိုးပွားစေရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စားအုံးဆီလက်ကားရည်ညွှန်းဈေး ၁၁၅ ကျပ်ခန့် တက်

**ပွင့်ဖြူ စက်တင်ဘာ ၉**

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေငြာထားသည်။

ပြီးခဲ့သည့်တစ်ပတ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင် ဈေးအခြေခံလက်ကားရည်ညွှန်း ဈေးတစ်ပိဿာလျှင် ငွေကျပ် ၆၄၉၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၆၆၀၅ ဖြစ်သဖြင့် ငွေကျပ် ၁၁၅ ခန့် ဈေးတက်သွားခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

အပတ်စဉ်ဖော်ပြပေးလျက်ရှိသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင် လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ကျင်းပ

**နန့်စန် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်)တွင် ဆောင်ရွက်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးနှင့် ကဗျာဖြေဆိုယှဉ်ပြိုင်နေမှုကို မြို့နယ်ပညာရေးမှူးဦးမြင့်လွင်နှင့် ပညာရေးဌာနမှတာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်(စာစီစာကုံး၊ ကဗျာ)ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် အလယ်တန်းအဆင့်(စာစီစာကုံး၊ ကဗျာ)ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ စုစုပေါင်း ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ခါးရိုးအက်ဝေဒနာခံစားနေရသော သချ်ာ၊ ဌာနမှ တွဲဖက်ပါမောက္ခ (ငြိမ်း) ဆရာမ ဒေါ်ထိုက်ထိုက်နှင့် အရိုးကျိုးဝေဒနာ ခံစားနေရသော ပထဝီဝင်ဌာနမှ ဆရာမ(ငြိမ်း) ဒေါ်အယ်လ်စီစုရီတို့အား ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင် ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့်အဖွဲ့ဝင်များက နေအိမ်များသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် သုံးသိန်းပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေး စကားများ ပြောကြားကြသည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်အထိ နာမကျန်းဖြစ်သော ဆရာ၊ ဆရာမ စုစုပေါင်း ၃၁၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၂၃ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(ဝ၄၅)**


## ပို့မေတ္တာဝေ ပွားမေတ္တာမျှ

* ပဋ္ဌာန်းဂုဏ်တော် ၊ ရွတ်ပူဇော်လျက်
ရေတော်ဆွမ်းပန်း ၊ ဆီမီးလျှမ်းဝေ
မြတ်စိန္တေထံ ၊ သဒ္ဓါလှုံ့ဖိတ်
ဦးထိပ်ပန်ဆင် ၊ ငါးဂုဏ်အင်ကို
ကြည်လင်ရွတ်ပွား ၊ ဆောက်တည်ထားကာ
မေတ္တာအမျှ ၊ ပို့ဝေသလို့
လောကကမ္ဘာ ၊ ငြိမ်းချမ်းပါစေ ---
သာယာကင်းကွာ ၊ ချမ်းသာပါစေ ---
အနာရောဂါ ၊ ကင်းကွာပါစေ ---
ဆုပန်ခြွေ၏ - ဆုခြွေ၏ ။

* နေထွက်နေဝင် ၊ ကိုးဂုဏ်ရှင်ကို
ကြည်ညိုပွားများ ၊ များလှသတ္တဝါ
ကျန်းမာချမ်းသာ ၊ လန်းဖြာအေးမြ
ဘေးမခဘဲ ၊ ကြောင့်ကြမရှိ
သုခရှိစေ ၊ မေတ္တာဝေ၏
မသွေထပ်တူ ၊ ယူနိုင်စေသား ။

* ကောင်းမှုတစ်ခု ၊ နေ့စဉ်ပြုရ
ကုသလကို ၊ မိဘဆရာ
နတ် ဗြဟ္မာ သိကြား ၊ ဦးထားဝေငှ
ဤကာယကို ၊ စောင့်ထပေလတ်
ကိုယ်စောင့်နတ်မကျန်
ရစ်စေကြောင်း ၊ ထပ်ဆောင်းမေတ္တာ
ပေးဝေပါသည် သန္တိသုခ ပြည့်ကြစေ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**




## ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ခန္တီး စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးမြို့တွင် စာအုပ်၊ စာစောင်လေ့လာဖတ်ရှုလိုစိတ်များ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီက ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်သို့ လာရောက်ကြသည့် စာဝှား၊ စာဖတ်ပရိသတ်များက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား ကြည့်ရှုကြသည်။ **(ယာပုံ)**

ထို့နောက် ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး "အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ"မှ ထုတ်ဝေထားပြီး ကလေးအလုပ်သမား၏ အသက်အရွယ်၊ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက် စသည့်အကြောင်းအရာများပါဝင်သည့် ကလေးအလုပ်သမားပပျောက်ရေး ပိုင်းဝန်းကာကွယ်စောင့်ရှောက်ပေး ဖေယျာရွှေမြေ လက်ကမ်းစာစောင်များကို စာဝှား၊ စာဖတ်ပရိသတ်များ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သတင်းပဒေသာ

### ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင်၊ ပြင်ပအသိပညာဗဟုသုတများတိုးပွားစေရေး၊ စာဖတ်ရိုးမြင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက လွယ်အံကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရိုးမြင့်တင်ရေး နယ်လှည့်ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက အ.မ.က(ပန်မုန်)ကျောင်းသို့သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရိုးမြင့်တင်ရေး နယ်လှည့်ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်း(VRFP) နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန် ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတ လေ့လာဖတ်ရှုလာစေရန်နှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရွှေအိုး (၂)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီက နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဇောတိစံပြကျေးရွာတွင် ယမန်နေ့ နံနက် ၁၀ နာရီက ဇောတိမာန်ငွေစုငွေချေးသမဝါယမအသင်း(လီမီတက်)၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက စာဖတ်ဝိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံဃာ(၄၂၈)ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ပင်းတယ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်မွှာရုံကြီး၏ဆွမ်းလောင်းလှူရန်ဌာန၌ ယနေ့ တော်သလင်းလဆန်း ၇ ရက် အဖိတ်နေ့ (တနင်္လာနေ့) နံနက် အရုဏ်တက်ချိန်တွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော်အပါး (၄၂၈)ပါးအား အရုဏ်ဆွမ်းတော်လောင်းလှူပူဇော်ပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ သံဃာတော်များအား ဆွမ်းတော်ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် မြို့နယ်အလှူတော်ကို ဦးဆောင်ပေးကြသည့် အသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် အသင်းသား၊ အသင်းသူများက ချက်ပြုတ်ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းအလှူရှင် ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်းဆရာ၊ ဆရာမများ၊ ပင်းတယမြို့မရဲစခန်း မိသားစုများ၊ ဆင်ခေါင်းရပ်ကွက်နေ ဦးအောင်ကျော် ဇနီး ဒေါ်ခင်သန်းဆင့်(အောင်အောင်ဖြိုး ကွမ်းသီးကွမ်းရွက်ရောင်းဝယ်ရေး)မိသားစု စသည့် အလှူရှင်များက ကြက်ဥချက်ဟင်း၊ သီးစုံပဲကုလားဟင်း၊ ငံပြာရည်ကြော်၊ ပန်းမုန်လာကြော် စသည့် ဆွမ်းဟင်းများဖြင့် လောင်းလှူခဲ့ကြမှုကို ဆွမ်းလောင်းအသင်းသားများက ဝေယျာဝစ္စကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းအသင်း ဝင်များ၏ ဆောင်ရွက်စီမံပေးသည့် ဆွမ်းတော် ဆွမ်းဟင်းများ ဆက်ကပ်လောင်းလှူပူဇော်ပွဲ၌ သံဃာ့ဒါန အရုဏ်ဆွမ်းအလှူရှင်မိသားစုများနှင့်အတူ နီးစပ်ရာရပ်ကွက်အချို့မှ ရပ်ကွက်နေမိဘပြည်သူများ လာရောက်လောင်းလှူပူဇော်ပေးခဲ့ကြောင်းလည်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၃၈)**

*-*-*-*-*

*-*-*-*-*-*

## အထက(၁၈) ၁၉၉၄-၁၉၉၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၉**

အ.ထ.က(၁၈) ၁၉၉၄-၁၉၉၅ ပညာသင်နှစ် အထက်တန်းပညာအတူသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်းနှင့် ၂၆လမ်းထောင့်ရှိ စံပယ်ရုံမိုးကုတ်ရိပ်သာရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။



လှူဒါန်းပွဲတွင် စံပယ်ရုံဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်းဒွိစုံနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခြင်း၊ ပင့်သံဃာများ၊ သီလရှင်ဆရာလေးများ၊ ရေ၊ မီး အလှူတော်ငွေ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများအတွက် စုစုပေါင်း လှူဒါန်းမှု ငွေကျပ် ၄၁၄၀၀၀၀ လှူဒါန်းခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကြွရောက်လာသော ဧည့်ပရိသတ်အပေါင်းအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**အသက်သည် သွေး သွေးသည် အသက်**

## သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ရန် မလွန်ဈေးဆန်လှူအသင်းသို့ ငွေပဒေသာပင်စိုက်ထူ

**မန္တလေး စက်တင်ဘာ ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းရှိ မလွန်ဈေးဆန်လှူအသင်းကြီးက ဦးဆောင်၍ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေးခရိုင်(၇)မြို့နယ်ရှိ သက်တော်(၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ်မပျက်ပူဇော်သွားမည် ဖြစ်သည်။

သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ရန် ရာသက်ပန်ငွေပဒေသာပင်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားနေ မလွန်ဈေးဆန်လှူ အသင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်ဝေ+သုဓမ္မသီဂီ ဒေါ်သင်းသင်းရီ(စည်သာဖြိုးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက တတိယအကြိမ်ငွေကျပ် ၃ သိန်းကို လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ငွေပဒေသာပင်လှူဒါန်းလိုပါက မလွန်ဆန်လှူအသင်း၊ ၃၂ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၉-၇၈၀၆၆၈၅၀၀နှင့် မြန်မာ့စီးပွားရေးဘဏ်(၃) ငွေစာရင်းအမှတ်SF-000390,SF-000602 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# ဇရာအိုနှင့် ကျန်းမာရေး

လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား၊မ မရွေး၊ သက်ရှိလူသားအားလုံးသည် "ဇရာ"တည်းဟူသော အိုမင်းခြင်းဆီသို့ နာရီ၊ မိနစ်၊ စက္ကန့်မလပ် တရွေ့ရွေ့ လှမ်းနေကြသည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။ အဆိုပါ အိုမင်းဖြစ်စဉ်နှင့်အတူ သက်ကြီးရွယ်အိုများ၏ ဇီဝ အခြေအနေကို အပြုသဘောဆောင်သော ရှုထောင့်များဖြင့် သတိပြုမိကြစေရန်၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ ပိုမိုတိုးပွားလာကြစေရန် စသည်တို့အတွက် ရည်ရွယ်၍ နိုင်ငံတကာ ကျန်းမာရေး သုတေသီများက နှစ်စဉ် စက်တင်ဘာလကို Healthy Aging Month September အဖြစ် လွှန်ခဲ့သော နှစ်ပေါင်း ၂၀ကတည်းက သတ်မှတ်လာခဲ့ပါသည်။

အသက်ကြီးရင့်လာသည်နှင့်အမျှ လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပြင် အစားအသောက်နှင့် လူမှုရေး လိုအပ်ချက်များသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲလာကြသည်။ ထိုအချိန်တွင် ကျန်းမာသော ကိုယ်ခန္ဓာ၊ ကျန်းမာသောစိတ်တို့ဖြင့် အသက်ကြီးရင့်လာခြင်းကို "ကျန်းကျန်းမာမာ အိုမင်းရင့်ရော်ခြင်း"ဟု ဆိုနိုင်ပါသည်။

**အထီးကျန်ရောဂါ**

ပင်စင်(အငြိမ်းစား)ယူပြီးနောက်ပိုင်း မိတ်ဆွေသူငယ်ချင်းများနှင့် နေ့တိုင်းနီးပါး တွေ့ဆုံဖြစ်သော အသက်(၆၀)ကျော် အရွယ်များသည် လအနည်းငယ်ကြာမှ သူငယ်ချင်းတစ်ဦး သို့မဟုတ် နှစ်ဦးနှင့် တွေ့ဆုံလေ့ရှိသူများထက် မှတ်ဉာဏ်ဆုံးရှုံးနိုင်ခြေ ၁၂ရာခိုင်နှုန်း ပိုနည်းကြောင်း သုတေသီများက ဆိုထားသည်။ National Institute On Agins အဖွဲ့က လူမှုရေးအရ အထီးကျန်ခြင်းနှင့် တစ်ကိုယ်တည်း နေထိုင်ခြင်းကြောင့် သွေးတိုး၊ နှလုံး၊ အဝလွန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ဉာဏ်ရည်လျော့ကျခြင်း၊ ဦးနှောက်ဇရာကြိုရောဂါ၊ သူငယ်ပြန်ရောဂါ၊ ခြေတုန်၊လက်တုန်ရောဂါနှင့် အခြားသော ကျန်းမာရေး ပြဿနာများ ကြုံတွေ့ခြင်းတို့ကို ဖြစ်နိုင်ခြေမြင့်မားကြောင်း လေ့လာတွေ့ရှိခဲ့သည်။

လူမှုရေးအရ အထီးကျန်ခြင်းသည် စိတ်နှင့်ကိုယ် ကျန်းမာရေးအတွက် ပြင်းထန်သော အန္တရာယ်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် အွန်လိုင်းမီဒီယာများ ခေတ်စားလာသဖြင့် မိသားစုများ၏ ဘဝနေထိုင်မှုပုံစံ လျင်မြန်စွာ ပြောင်းလဲလာခြင်းကြောင့် တစ်အိမ်တည်းအတူနေ သက်ကြီးရွယ်အိုများအတွက် လူမှုရေးနယ်ပယ်အတွင်း အထီးကျန်သည့် ဒုက္ခများ ပိုမိုများပြားလာပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများအား တိုက်ရိုက်နည်းလမ်းများနှင့်ဖြစ်စေ၊ သွယ်ဝိုက်သည့်နည်းလမ်းများနှင့်ဖြစ်စေ အသက်ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမျိုး မပြုလုပ်သင့်ပေ။ အထီးကျန်ခြင်းနှင့် သီးခြားနေထိုင်ရခြင်းသည် သက်ကြီးရွယ်အိုများတွင် သိသာထင်ရှားသည့် ကျန်းမာရေးထိခိုက်မည့် အန္တရာယ်ကို ဖြစ်ပေါ်ခံစားရစေနိုင်ပါသည်။

**စိတ်ဖိစီးမှုကြောင့် လူ့ကိုယ်ခန္ဓာစနစ် ပိုမိုအိုမင်းလာစေနိုင်**

လူတို့သည် မိသားစုအတွင်း၌ ဖြစ်စေ၊ အလုပ်ခွင်၌ ဖြစ်စေ၊ လူ့အဖွဲ့အစည်းအတွင်း၌ ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် စိတ်ထွက်ပေါက်မရှိတော့ဘဲ ပိတ်ဆို့ခြင်းခံရသည့်အဆင့်မှ စိတ်ဖိစီးမှုဝေဒနာ ခံစားရသောအဆင့်အထိ ပြောင်းလဲလာတတ်သည်။ အသက်ငယ်ရွယ်စဉ်က မည်သူမဆို ကိုယ်ရောစိတ်ပါ ရွှင်လန်းတက်ကြွနေကြသည်မှာ သစ်လွင်သော ကိုယ်ခံအားစနစ်ကြောင့်ဖြစ်သည်။ ထိုစနစ်ကြောင့် လူငယ်လူရွယ်အများစုမှာ အကြမ်းအတမ်းခံနိုင်ပြီး အဖျားအနာ၊ ရောဂါဘယကင်းလေ့ရှိကြသည်။ အသက်ကြီးရင့်လာသောအခါတွင်မူ ကိုယ်ခံအားစံနစ် အိုမင်းရာမှ စွမ်းဆောင်ရည် တဖြည်းဖြည်း ကျဆင်းလာပါသည်။ ထိုမှတစ်ဆင့် လူငယ်ဘဝနှင့် ပြောင်းပြန်အချိုးကျစွာပြောင်းလဲလာပြီး လူကြီးအများစုအနေဖြင့် ရောဂါဘယ စွဲကပ်ခြင်းကို မလွှန်ဆန်နိုင်တော့ဘဲ အားလျော့ကြရပါတော့သည်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသီများသည် စိတ်ဖိစီးမှုက လူ့ခန္ဓာကိုယ်အပေါ် အကျိုးသက်ရောက်ပုံအကြောင်း မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။ ယင်းကဲ့သို့ လေ့လာရာမှ စိတ်ဖိစီးမှုကြောင့် လူ့ကိုယ်ခံအားစနစ်ကို ပိုမိုအင်အားနည်းကာ ပို၍လည်း အိုမင်းလာစေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

**ကောင်းမွန်သော ဘဝနေထိုင်မှုပုံစံ**

အချိုအငန် လျှော့စားခြင်း၊ သောက်ရေအေးအစား လက်ဖက်ခြောက်ရေနွေး ပိုသောက်ခြင်း၊ ဆီကြော်များနှင့် ဟင်းအဆီအနှစ် လျှော့စား၍ ရေလုံပြုတ် စားသုံးခြင်း၊ ထိုက်ကျိ ကစားခြင်း သို့မဟုတ် ယောဂ(Yoga)ကျင့်ခြင်း သို့မဟုတ် တရားရှုမှတ်ခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း၊ ပေါ့ပေါ့ပါးပါး ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ နံနက်ပိုင်း နေပူစာလှုံခြင်း၊ မြေကြီးဓာတ်ယူခြင်း၊ သွေးတိုး၊ ဆီးချိုလေငန်းစသည့် မကူးစက်တတ်သော ရောဂါများ မဖြစ်အောင် ဆင်ခြင်ကာကွယ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ ကွမ်း၊ အရက်ရှောင်ခြင်း၊ ပြုံးပျော်ရယ်မောခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် နွေးထွေးသော ဆက်ဆံရေးရှိခြင်း၊ လက်ကိုင်ဖုန်းနှင့် ဝေးဝေးနေခြင်း၊ ကိုယ်တိုင် ဆေးလိပ်မသောက်သကဲ့သို့ တစ်ဆင့်ခံ စီးကရက်ငွေ့ မရှူရှိုက်မိအောင်လည်း နေထိုင်ခြင်း၊ သန့်ရှင်းသောလေကို ရှူရှိုက်ခြင်း၊ အုန်းဆီစစ်စစ်ကို ဦးရေပြားအနှံ့လိမ်းခြင်းစသည့် ပြုမူနေထိုင်မှုများက သက်ကြီးရွယ်အိုများအတွက် အထိုက်အလျောက် လူ့ဘဝသက်တမ်းကို ဆန့်ထားနိုင်ပါသည်။

**အာဟာရပြည့်ဝစွာ စားသောက်နည်း**

သက်ရှိသတ္တဝါတို့၏ သဘောသဘာဝသည် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ အစားအသောက်လည်း ယခင်လို သိပ်မစားနိုင်တော့ပေ။ ထို့ကြောင့် ပါးစပ်ထဲသို့ ဝင်သွားသမျှ အစားအစာတစ်ခုချင်းစီသည် အာဟာရပြည့်ဝဖို့ အရေးကြီးပါသည်။ နည်းနည်းချင်းစီ မကြာခဏ စားပေးပါ။ ကြွေကာအုတ်၊ နို့ဆန်ပြုတ်၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တို့ကို အဓိကထား စားသုံးပါ။ နံနက်ခင်းပုံမှန်သောက်နေကျ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်နေရာမှာ နို့တစ်ခွက်ဖြင့် အစားထိုးပါ။ အသားဓာတ်ပြည့်ဝအောင် စားပါ။ ကယ်လ်စီယမ် မချို့တဲ့အောင် ဂရုစိုက်ပါ။ ဗီတာမင်ဘီ-12 ဖြည့်စွက် သောက်သုံးပါ။ ဗီတာမင်ဒီ ပြည့်ဝသော အစားအစာများစားပါ။ (ဥပမာ အဆီများသော ငါး၊ ဖြည့်စွက်စာဆေးဝါး၊ နေပူဆာလှုံခြင်း)၊ သံဓာတ်ကြွယ်ဝသော အစားအစာများစားပါ။ (ဥပမာ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ အနီရောင်အသားများ) အချို၊ အငန် လျှော့စားပါ။ ညအိပ်ရာဝင်ကာနီး ဗိုက်ဆာပါက နို့တစ်ခွက်သောက်ပါ။ အချိုရည်ပါဝင်မှု မြင့်မားသော အစားအစာများ (ဥပမာ ဖျော်ရည်၊ ရေခဲမုန့်၊ ကိတ်မုန့်)တို့ကို ရှောင်ပါ။ တာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာများ၊ အသင့်စား အစားအသောက်များနှင့် ဆီကြော်အစားအစာတို့ကို တတ်နိုင်သလောက် ရှောင်ပါ။ အစာစားချင်စိတ် နည်းပါးနေချိန်မှာ တစ်ယောက်တည်း မစားဘဲ မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေ အပေါင်းအသင်းနှင့်ဖြစ်စေ အတူတကွ စားသုံးပါ။

**ဇရာအိုများအတွက် ဓာတ်စာ**

အနီရောင်ပန်းသီးကို အခွံပါ စားပေးပါ။ ဆီးသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ မုန်ညင်းစိမ်း၊ မုန်လာရွက်၊ ကညွတ်၊ ပန်းဂေါ်ဖီစိမ်း၊ ပဲတောင့်ရှည်၊ ဗိုစားပဲသီး၊ ရုံးပတီသီး၊ နေကြာစေ့၊ မြေထောက်ပဲ၊ ဂုန်လျှော်စေ့၊ ဗာဒံစေ့၊ ပန်းဂေါ်ဖီအဖြူ၊ ပြောင်းဖူး၊ မုန်လာဥနီ၊ တရုတ်နံနံ၊ beet root (ခေါ်) သကြားမုန်လာ (ခေါ်) သွေးနီရောင် အရည်ရွှမ်းသော မုန်လာဥနီ အဝိုင်း၊ ပဲနီလေး၊ ပဲပင်ပေါက်၊ ပင်စိမ်းရွက်၊ ကိုက်လန်၊ ဆလတ်ရွက်၊ ကြက်သွန်မြိတ်၊ ဂေါ်ဖီထုပ်၊ သခွားသီး၊ ငရုတ်သီးမှုန့်၊ မှို၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတို့၏ အနှစ်များ၊ တရုတ်ဆီးသီးခြောက်၊ အနက်ရောင် ချောကလက်၊ ပင်လယ်ငါးအမျိုးမျိုး၊ ငါးကြီးဆီ၊ နွားနို့၊ ဒိန်ခဲ စသည်တို့က ဇရာအိုများအတွက် အကောင်းမွန်ဆုံး အစားအစာများ ဖြစ်ကြသည်။

**ဇရာအိုများအတွက် အင်တီအောက်ဆီးဒင့်**

လူ၏သွေးတွင်း၌ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပမာဏတိုးမြင့်လာလျှင် ကိုယ်ခန္ဓာကတုံ့ပြန်နိုင်သော အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု မေရီလန်းတက္ကသိုလ်မှ မေဘေးဒေါင်း ဦးဆောင်သော သုတေသီတစ်စုက အထူးပြု လေ့လာခဲ့ကြသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (ခေါ်) အင်တီအောက်ဆီးဒင့် ပမာဏ တိုးမြင့်လာလျှင် လူကြီးများ စိတ်ရှုးသွပ်မှု ခံစားရနိုင်ခြေ လျော့နည်းမည် ဖြစ်ကြောင်း ပညာရှင်များက တွေ့ရှိထားသည်။ လူတို့သည် အသက် ၅၀နှင့် ၆၀ကျော်လာလျှင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ရှုးသွပ်ဝေဒနာကို ခံစားရလေ့ရှိကြောင်း၊ ထိုအခါ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက လူကြီးများ ခံစားရလေ့ရှိသော ထိုစိတ်ရှုးသွပ်မှုဝေဒနာကို အထိုက်အလျောက် လျှော့ချပေးနိုင်ကြောင်း၊ မိမိတို့သည် အသက် ၄၅နှစ်အထက် လူကြီး စုစုပေါင်း ၇၀၀၀ကျော်တို့ကို ၁၅ နှစ်ကျော်မျှ စောင့်ကြည့်လေ့လာပြီးနောက် ဓာတ်တိုးဆန့်ကျင်ပစ္စည်း၏ အစွမ်းအာနိသင်ကို ဖော်ထုတ်သိရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသုတေသီများက ဆိုပါသည်။ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပမာဏ တိုးမြင့်လာစေရန် အရွက်ဖားဖား အစိမ်းရောင် ဟင်းရွက်များဖြစ်ကြသည့် ကိုက်လန်၊ ဆလတ်၊ မုန်ညင်း၊ ဟင်းနုနယ်တို့ကိုသာမက ပန်းမုန်လာစိမ်း၊ ပဲမျိုးစုံ၊ လိမ္မော်သီး၊ သရက်သီး၊ သဘော်သီး၊ သစ်တော်သီးစသော ဓာတ်စာအမျိုးမျိုးတို့ကို စားသုံးပေးရပါမည်။

**အသက်ကြီးပိုင်း ဗီတာမင်ဒီဓာတ်ချို့တဲ့လျှင် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာ ခံစားရနိုင်**

လူတို့၏ ကိုယ်ခန္ဓာအတွက် လိုအပ်သော ဗီတာမင်အမျိုးမျိုးရှိသည့်အနက် အရိုးများ ကြံ့ခိုင်သန်မာစေရန် ကယ်လ်စီယမ်နှင့် အတူတွဲလျက် ဗီတာမင်ဒီကိုပါ ဖြည့်တင်းပေးရပါမည်။ သွေးတွင်းကယ်လ်စီယမ်ပမာဏကို ၎င်းဗီတာမင်ဒီဓာတ် က အဓိက ထိန်းညှိပေးသဖြင့် အရိုး စနစ်တစ်ခုလုံးအတွက် မရှိမဖြစ် အာဟာရဖြစ်ကြောင်း ဆေးပညာရှင်များက ယူဆထားကြသည်။ အသက် ၆၀ကျော်အရွယ် အမျိုးသား၊ အမျိုးသမီးများသည် ဦးနှောက်တွင်း သွေးဖြတ်သန်းစီးဆင်းမှု အနှေး၊အမြန် မမှန်မကန် ဖြစ်လာရာမှ မှတ်ဉာဏ်စနစ် ထိခိုက်လာကာ နောက်ပိုင်းတွင် မှတ်ဉာဏ်ချို့ယွင်းမှု ဝေဒနာကို ခံစားရလေ့ရှိသည်။ အဆိုပါ မှတ်ဉာဏ်ချို့ယွင်းမှုနှင့် ဗီတာမင်ဒီ ဆက်နွှယ်နေကြောင်း သိရသဖြင့် ၎င်းတို့အကြား ဆက်နွှယ်ပတ်သက်နေပုံအကြောင်းကို ဩစတြေးလျတောင်ပိုင်း တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များက မကြာသေးမီက သုတေသနပြုခဲ့ကြသည်။ အသက် ၆၀ကျော်သူ ၂၉၄၅၁၄ဦးတို့၏ ဗီတာမင်ဒီ အာဟာရပြည့်ဝမှု အခြေအနေနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ပြဿနာအကြား ဆက်နွှယ်နေပုံကို ထိုသို့ သုတေသနပြုရာမှ အသက်ကြီးသူများ ဗီတာမင်ဒီ ချို့တဲ့လျှင် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာ မလွဲမသွေ ခံစားရမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။

**အသက်(၆၅)နှစ်ကျော်များအတွက် ကျန်းမာရေး ပိုမိုကောင်းမွန်စေမည့် နည်းလမ်းသစ်**

လူတို့၏ ကျန်းမာရေးအခြေအနေသည် အသက်အရွယ်ပေါ်မူတည်၍ ယေဘုယျအားဖြင့် ပြောင်းလဲသွားသော သဘောရှိပါသည်။ ငယ်စဉ်ကာလတွင် လူတို့၏ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ကျန်းမာဖျတ်လတ်နေကြပြီး သွက်လက်လှုပ်ရှားမှုက အနာရောဂါကင်းအောင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုပေးပါသည်။ လူလတ်ပိုင်းအရွယ်ကျော်လွန်ကာ အသက်အရွယ်ရလာလျှင်မူ လူငယ်ဘဝ သွက်လက်လှုပ်ရှားမှုများ တဖြည်းဖြည်း နှေးကွေးကာ ကျန်းမာရေး ချူချာရာမှ ကူးစက်ရောဂါများလည်း စွဲကပ်လာတတ်ကြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကုစားနိုင်သော နည်းလမ်းဖော်ထုတ်နိုင်ရန် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များ သုတေသနပြု လေ့လာခဲ့ရာ မကြာသေးမီက လူကြီးများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေမည့် နည်းလမ်းသစ် ရှာဖွေတွေ့ရှိပြီဟု သုတေသနရလဒ်စာတမ်း၌ ဖော်ပြထားသည်။ အထူးသဖြင့် အသက်(၆၅)နှစ်ကျော် လူကြီးများ၏ အကျပိုင်း ကျန်းမာရေးအခြေအနေကို ကောင်းမွန်လာစေရန်အတွက် မိမိတို့ တွေ့ရှိခဲ့သည့် နည်းလမ်းသစ်မှာ ကိုယ်ခန္ဓာအတွင်းရှိ အင်အားနည်းလာသော တီဆဲလ်များကို ပြုပြင်ရန်ပင်ဖြစ်ကြောင်း ဦးဆောင်သုတေသီ အာရုံကြောဗေဒပညာရှင် မိုက်ကယ်လ် ဒမက်ထရီးယပ်စ်က ရှင်းပြထားသည်။

အချုပ်အားဖြင့်ဆိုသော် အသက်အရွယ်ရလာသည်နှင့်အမျှ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟန်ချက်ညီနေမှသာ အိုမင်းခြင်းကို ကျန်းမာစွာ ဖြတ်သန်းနိုင်မည်ဖြစ်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဘဝသက်တမ်းစေ့ နေနိုင်ကြပါစေကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

စေတနာများစွာ-

**တင်ထက်ထက်ဇော်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## လန်ဒန်ရှိ Stoke Park စံအိမ်ကြီးကို Mucage Ambani ဝယ်ယူထား

အိန္ဒိယသန်းကြွယ်သူဌေး မူကေ့ရှ်အမ်ဘာနီက လန်ဒန်ရှိ နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိ Stoke Park စံအိမ်ကြီးကို ၂၀၂၁ ခုနှစ်တွင် အင်္ဂလန်ပေါင် ၅၇ သန်းနှင့်ဝယ်ယူထားပြီး ပြင်ဆင်၍ ဟိုတယ်ဖွင့်ထားရာမှ ဩဂုတ်လအတွင်း သားငယ်၏ မင်္ဂလာပွဲကျင်းပခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရှေးဟောင်းဇိမ်ခံ အဆောက်အအုံကြီးသည် ဧက ၃၀၀ ကျော် ကျယ်ဝန်းပြီး ဂျိမ်းစ်ဘွန်းရုပ်ရှင်အပြင် ဟောလိဝုဒ်ရုပ်ရှင်ဒါဇင်ဝက်နီးနီး ၄ားရမ်းရိုက်ကူးထားသည့်နေရာလည်းဖြစ်သည်။

ယင်းစံအိမ်ကြီးကို ၂၀၂၁ ခုနှစ်တွင် Zoomeeting မှ ဝယ်ယူထားကာ နောက်ထပ်ပေါင်ဆယ်သန်း အကုန်အကျခံပြင်ဆင်မွမ်းမံ၍ Luxury ဟိုတယ်နှင့် Sport Club ဖွင့်လှစ်ခဲ့ပြီး အိပ်ခန်း ၄၉ ခန်းနှင့် သူ၏သားမင်္ဂလာပွဲကျင်းပရန် အဓိကရည်ရွယ်ဝယ်ယူထားခြင်းဖြစ်သည်ဟု သတင်းအချို့တွင် ဖော်ပြထားသည်။ (SKY)

## ထိုင်းအနုပညာရှင် Greatwarinton ကို မိဘများ မေတ္တာပေးထားကြ

ထိုင်းအနုပညာရှင် ဂရိတ်ဝါရင်တန်သည် အသက် ၄၀ နှစ်နီးပါးရှိနေပြီး မိဘများနှင့်ခွဲနေရာမှ မိဘနှစ်ပါးက တစ်လှည့်စီလာရောက်၍ မေတ္တာပေးခဲ့ကြသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လူပျိုကြီးတစ်ကိုယ်တည်း အနုပညာလုပ်ငန်းများ လုပ်ကိုင်နေကာ ပွဲတိုင်းကျော်ဖြစ်နေကာ ပရိတ်ကို ဝါရင်တန်က လူငယ်များအတွက် အားဖြစ်စရာစကားများလည်း ပြောကြားပေးသူ ဖြစ်သည်။



မိဘနှစ်ပါးက အိမ်ပြန်မလာနိုင်သော သားအတွက် မိခင်တစ်လှည့်၊ ဖခင်တစ်လှည့်လာရောက်နေထိုင်၍ မေတ္တာပေးခဲ့ကြသည်။

ဂရိတ်ဝါရင်တန်မှာ အနုပညာအလုပ်အကိုင်များနှင့် အောင်မြင်မှု၊ လူသားဆန်မှုများရှိခဲ့သော်လည်း တိုးတိုးဖော်မရှိ၍ မိဘများက ပြောမရသည့်အဆုံး လက်လျှော့ထားကြရသည်။ (SKY)



## Ponniyin Selvan Park II အောင်မြင်မှု ရရှိထား

ဘောလိဝုဒ်ရုပ်ရှင် Ponniyin Selvan Park II ထွက်ရှိခဲ့ပြီး ရုံတင်ငွေကုဋေသန်း ၃၂၅ အထိ ရရှိထား၍ အောင်မြင်မှုများစွာရရှိထားကာ မင်းသမီး အစ်ရှ်ဝါရီယာရိုင်း ဘဂျမ်းပါဝင်ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် မစ်ကရမ်၊ ဂျယန်းရမီ၊ ကာဆီစသည့် နာမည်ကြီးအနုပညာရှင်များအပြင် မင်းသမီးအစ်ရှ်ဝါရီယာရိုင်းဘဂျမ်း၊ ထရီရှားတို့အပြင် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး IMDB 8.1 ရရှိထားသည်။

ယင်းဇာတ်ကားမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်အရင်က ချိုလာမင်းဆက်အကြောင်းကို အခြေခံရိုက်ကူးထားပြီး အပိုင်းတစ်နှင့် နှစ် ခွဲခြားထားသည့် ရာဇဝင်ဇာတ်ကားဖြစ်ပြီး ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားသည်။ (SKY)




## Jin @ Kim Seokjin က အမြင့်ပေ ၁၉၅၀ မီတာရှိသည့် Hallasan တောင်တွင် ရိုက်ကူးရေးလုပ်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျင် (ခေါ်) ကင်ဆွတ်ဂျင်သည် ဇွန်လအတွင်းက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၉၅၀ မီတာရှိသည့် Hallasan တောင်သို့တက်၍ ရိုက်ကူးရေးပြုလုပ်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါတောင်သည် ထိပ်ရောက်လျှင် လေထုပိုပါး၍ အသွားအပြန် ၁၉ ကီလိုမီတာ လမ်းလျှောက်ရပြီး ၈ နာရီခွဲကြာ တောင်တက်တောင်ဆင်းခဲ့ရပြီး ရာသီဥတုသာယာမှ Hallasan တောင်၏ Baekrokdam ကို မြင်ရသူမှာ ကံကောင်းသူဟု ဆိုကြရာ ဂျင်လည်း ပါဝင်ခဲ့သည်။

တောင်တက်ခြင်းကို ကိုရီးယားများက သူတို့ကိုယ်သူတို့ ခံနိုင်အားစမ်းသပ်ရန် နေရာအဖြစ် Hallasan အမြင့်ဆုံးတောင်ကို သွားကြရာ ဂျင်မှာ ပရိသတ်များ ကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် ကိုယ်တိုင်အပင်ပန်းခံ၍ တောင်တက်ခြင်းကို ရိုက်ကူးရေးပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ (SKY)



## Win Metawin က Seoul International Drama Award ဆု ရရှိ

ထိုင်းအနုပညာရှင်၊ ကုမ္ပဏီ၏ စီအီးအိုဝင်းမီတာဝင်းသည် EFM မှ ပေးအပ်သည့် Seoul International Drama Award ဆု ရရှိခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လူငယ်စီအီးအို မင်းသားချော ဝင်းမီတာဝင်းသည် ၁၄ နှစ်ဆက်တိုက် ကျင်းပခဲ့သည့် ဆိုးလ်နိုင်ငံတကာ ဒရမ်မာဆုပေးပွဲတွင် အနုပညာထူးချွန်ဆုအပြင် အောင်မြင်နေသည့် လူငယ်စီးပွားရေးလုပ်ငန်းရှင်အမည်စာရင်း ဖော်ပြရာတွင်လည်း ပါဝင်ခဲ့သည်။

လက်ရှိ Rize Fan များကြား ရေပန်းစားနေရခြင်းမှာ ထိုင်းအနုပညာရှင် ဝင်းမီတာဝင်းကို တွေ့လိုက်ရသည့်အချိန် ကိုရီးယားနာမည်ကြီး မင်းသား ဝမ်ဘင်းဟု ထင်မှတ်မှားခဲ့ရသည်ထိဖြစ်ခဲ့ကြရပြီး သူ၏ ဗီဒီယိုမှာ ကိုရီးယားနှင့်ထိုင်း Rize BKK Hashtag တွင် ထိပ်ဆုံးရောက်နေသည်။ (SKY)



## ငါးအူထဲရှိ ဘက်တီးရီးယားတစ်မျိုးကို အစွမ်းထက်အလှကုန်ပစ္စည်းအဖြစ် သုံးမည်

ယနေ့ခေတ်တွင် ဆန်းသစ်သောနည်းပညာများဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အထူးသဖြင့် အမျိုးသမီးများအသားအရေဝင်းပကာ မျက်နှာအရေးအကြောင်းများလျော့ကျစေရန်အတွက် အလှကုန်ပစ္စည်းသစ်များ အဆက်မပြတ်ပေါ်ထွက်နေသည်ကို တွေ့ရသည်။

ယခုနောက်ဆုံးဖော်ထုတ်နိုင်ခဲ့သည့် သုတေသနရလဒ်အရ မကြာမီ ငါးအူထဲရှိ ဘက်တီးရီးယားတစ်မျိုးကို အစွမ်းထက်အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုလာဖွယ်ရှိမည်ဟု တောင်ကိုရီးယား သိပ္ပံပညာရှင်များ စာတမ်းရေးသားတင်သွင်းထားသည်။

ယင်းငါးအူထဲရှိဘက်တီးရီးယားသည် လူမျက်နှာပေါ်ရှိ အရေးအကြောင်းများကိုဖယ်ရှားပေးနိုင်မည်ဟု ထိုပညာရှင်များ လေ့လာတွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Girls' Generation မှ Taeyeon က ဂျာမနီသို့ရောက်ရှိ ပုံများမျှဝေ

ဂဲလ်ဂျန်နရေးရှင်းအဖွဲ့ဝင် တေယွန်သည် ဂျာမနီနိုင်ငံသို့ရောက်ရှိ ကောင်းမွန်သည့် အချိန်များကို ပိုင်ဆိုင်ထားကြောင်း သူ၏ အင်စတာဂရမ်မှတစ်ဆင့် ပုံရိပ်များ ပရိသတ်ထံ မျှဝေပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တေယွန်သည် အဖွဲ့ပြိုကွဲပြီးနောက် တစ်ကိုယ်တော်ဂီတနှင့် အနုပညာခရီးလမ်းကို လျှောက်လှမ်းခဲ့ရာမှ မကြာခင်က ဒစ်စနေးတွင် တေယွန်၏ Frozen Adventure ထုတ်လွှင့်ခဲ့သည်။

အဆိုပါထုတ်လွှင့်မှုရှိုးတွင် ဟောင်ကောင်ဒစ်စနေးလန်း Frozen ကမ္ဘာကိုစူးစမ်းလေ့လာနေစဉ်တွင် သူ၏ ငယ်စဉ်ကတည်းက စိတ်အားထက်သန်ခဲ့သည့် သရုပ်ဆောင်ဘဝဇာတ်ဝင်ခန်းများ၏ နောက်ကွယ်မှ မှော်ဆန်သည့်ခရီးကို ပြသထားသည်။

တေယွန်၏ ထူးခြားသည့် စတိုင်လ်ကို ပေါ်လွင်စေရန် ပို့စ်အမျိုးမျိုးနှင့် ဓာတ်ပုံများကို မြင်တွေ့ကြရသည်။ (SKY)



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြောပွဲကျင်းပခြင်းကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ စည်သာယာကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များမှ သန်းခေါင်စာရင်း လက်ကမ်းစာစောင်၊ ပိုစတာ၊ တီရှပ်အင်္ကျီနှင့် ဦးထုပ်များကို ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်၊ ကျေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖ ပြည်သူ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၅)**

၀-၀-၀-၀-၀-၀-၀

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉နာရီက ပခုက္ကူမြို့၊ အမှတ်(၅)သီလရှင်သင်ပညာရေးအလယ်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက 'လူငယ်နှင့် အောင်မြင်ရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးစာရေးဆရာမအသွင်ဆန်း(ပခုက္ကူ)က 'အနာဂတ်တဝလှပဖို့ စာအုပ် စာပေဖတ်ကြစို့' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ချောင်းဆုံမျိုးချစ်က 'သက်ကြီးစကား သက်ငယ်ကြား' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က 'မိမိ၏အနာဂတ်သည် မိမိလက်ဝယ်၌သာရှိသည်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာဖေယျာပိုင်ရွှေက 'ဆရာနှင့်တပည့်ကြားထားရှိရမည့်ကျင့်ဝတ်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် ပခုက္ကူမြို့၊ အမှတ်(၅)သီလရှင်သင်ပညာရေး အလယ်တန်းကျောင်းရှိ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်များလှူဒါန်းခြင်း၊ မြန်မာ့ရိုးရာစကားပုံနှင့် မြန်မာ့ရိုးရာစကားထာစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချိုးတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၄၀)**

၀-၀-၀-၀-၀-၀

## အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား (၃)ယောက်တွဲ အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် တိုင်းရင်းသား (D)အသင်းနှင့် မြို့မ(B)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မ(B) အသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး Avengers(C) အသင်းနှင့် KT Sport အသင်းတို့က ပူးတွဲ တတိယ ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်အားကစားမှူး ဦးစိုင်းသိန်းထွန်း၊ မြို့နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒုတိယ၊ တတိယ ပူးတွဲရရှိသည့် အသင်းများအား ငွေသားဆုများနှင့် ပထမဆုရရှိသည့်အသင်းအား ဆုဖလားနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ကျိုင်းတုံမြို့နယ် ပိုက်ကျော်ခြင်းဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား (၃)ယောက်တွဲ အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီး ကျိုင်းတုံမြို့နယ်အတွင်းမှ အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## စက်မှုသီးနှံဝါဧက ၁၄၀၅ ဧက စိုက်ပျိုးပြီး

**ရေနံချောင်း စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ရေနံချောင်းမြို့နယ်တွင်၂၀၂၄-၂၀၂၅ခုနှစ်မိုးရာသီတွင် စက်မှုသီးနှံဝါကို တောင်သူများ အဓိကထားပြီး စိုက်ပျိုးလျက်ရှိသည်။ ယနေ့အထိ ဝါဧက ၁၄၀၅ ဧက စိုက်ပျိုးပြီးကြောင်း ဒေသခံတောင်သူများနှင့် ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံက သိရသည်။

စက်မှုသီးနှံဝါကို ရေနံချောင်းမြို့နယ်တွင်ကျေးရွာများတွင် မိုးနှင့်ဆောင်းတွင် စိုက်ပျိုးကြပြီး အညာမြေရာသီဥတုနှင့် ကိုက်ညီသည့်အပြင် စက်မှုသီးနှံဖြစ်သောကြောင့် ပွဲစား၊ ပွဲရုံများက ဝယ်ယူသဖြင့် ဝါစိုက်တောင်သူများအတွက် ဝါကနေ ဈေးကွက်မှာ ဈေးကောင်းရသည့်အပြင် ဝါစိုက်ပျိုးခြင်းကနေ တွက်ချေကိုက်ခဲ့ကြ၍ အဓိကထားစိုက်ကြခြင်းဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံဝါဧက၂၄၂၀ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ ဝါဧက ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၇၂)**

## ဆင်ပေါင်ဝဲမြို့၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်း သုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign ကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်းနှင့် စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေးအသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀-၀

## ဒေသထွက် ထန်းလျက်အရောင်းအဝယ်လိုက်၍ ဈေးကောင်းရနေ

**ချောက် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်မှ ထွက်ရှိသော ထန်းလျက်များတွင် စားသုံးသူများမှ လက်လီဝယ်လိုအားရှိသောကြောင့် ဒေသအခေါ်စား ထန်းလျက်အရောင်းအဝယ်လိုက်နေပြီး ဈေးကောင်းနေကြောင်း ပွဲစားနှင့် လက်လီရောင်းဝယ်သူများထံက သိရသည်။

'ထန်းလျက်ကို လုံးကြီး၊ အလတ်၊ အသေးခေါ် လက်လီဝယ်ယူစားသုံးသော ထန်းလျက်အမျိုးမျိုးရှိပြီး လက်ရှိဈေးကွက်မှာ စားထန်းလျက်အရောင်းအဝယ်လိုက်တယ်၊ ဈေးတက်တယ်၊ စားထန်းလျက်ရှယ်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ရှိတယ်'ဟု ဒေသခံရောင်းဝယ်သူတစ်ဦးက ပြောသည်။

အညာဒေသတွင် ထန်းလျက်ကို ဆီးထန်းလျက်၊ နှမ်းဘတ်ထန်းလျက်၊ ပေါက်ပေါက်စုပ်ထန်းလျက် အဖြစ်ရောင်းချကြရာ လက်လီဈေးနှုန်းမှာတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၊ အစိတ်သား(၂၅ ကျပ်သား) လျှင်ငွေကျပ်၁၇၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **(ဆန်းညွန့်)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်ဆန်း အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်အစွန်ဆုံးခြမ်း (၁၂ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်၏ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ယဉ်ဇာဝင်း (ဘ) ဦးကျော်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမှုရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ(LL.B)** **ဒေါ်ယဉ်ယဉ်ငွေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ ကွင်းအမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(D-၁၄/မြောက်ခြမ်း)၊ အကျယ်အဝန်းပေ(၃၀×၄၀)ရှိ ဒေါ်စန်း အမည်ဖြင့်ချထားပေးခြင်းခံရသည့် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးအောင်နိုင်ဝင်း(၉/မခန(နိုင်)၁၆၀၁၁၇)မှ ၎င်းတရားဝင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမှုရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်ဖူးမွန်** **ဒေါ်ဆုအိရွှေ**

**အထက်တန်းရှေ့နေ(စဉ်-၅၂၄၈၃)** **အထက်တန်းရှေ့နေ(စဉ်-၅၀၅၇၀)**

**အကွက်(၄၇၅)၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၆၀၈၆၈၇၀၆၊ ၀၉-၂၅၇၄၈၉၄၄၇**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၁၃)၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ အိုးဘို ၁လမ်းနှင့်၂လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်ဝင်း(၉/မနတ(နိုင်)၀၆၇၉၉၃)၊ ဒေါ်တင်တင်ဝင်း(၉/မရမ(နိုင်)၀၅၇၄၀၈)တို့က ဂရန်မူရင်းမှာ အသိမ်းလွှန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**လျှပ်စစ်**
**သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမပျှ**
**မသုံးရ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်နံပါတ်(၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးဆွေ (ဘ)ဦးထွန်းရှိန်(၉/မရမ(နိုင်)၀၆၂၄၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အေ)၊ ဦးပိုင်နံပါတ်(အေ-၁/၂)ဟု ခေါ်တွင်သော မြေဧရိယာ(၄ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဝင်းနိုင် (ဘ)ဦးဟုန်ချီကျူး(၉/မရမ(နိုင်)၀၅၄၀၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးစုထွန်း (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဦးဝေဖြိုးသူ (LL.B)** အထက်တန်းရှေ့နေ — **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ကောင်းစုဝမ်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်နံပါတ်(၇၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးတင့်ဆွေ အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇင်ဇင်ဝင့်အောင် (ဘ)ဦးတင်အောင်ချစ်(၉/ခမစ(နိုင်)၀၀၂၃၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၅လမ်းနှင့်၆၇လမ်းကြား၊ ကုသိုလ်တော်လမ်းနှင့်မင်းကြီးရန်နောင်လမ်းကြားရှိ ဦးချစ်ဆောင် အမည်ပေါက်တောဂရန်မြေကွက်အား မန္တလေးခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ်(၄၇၅/၂၀၂၀)တွင် (၈-၇-၂၀၂၁)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒေါ်ရင်ရင်မွန်၊ ဒေါ်ခင်မျိုးဝင်း၊ ဦးစိုးသိန်းထွန်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၂၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ဇော်(၉/နထက(နိုင်)၁၁၂၃၅၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၂၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၃၄)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ ဦးကုလား အမည်ပေါက်တောဂရန် မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၂/၂၀၂၄)တွင် (၂၂-၃-၂၀၂၄)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးကုလားထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး(၉/မရမ(နိုင်)၀၅၂၆၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၂၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ ဦးသိန်းအောင် အမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၄/၂၀၂၄)တွင် (၂၂-၃-၂၀၂၄)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးသိန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး(၉/မရမ(နိုင်)၀၅၂၆၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၁၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၄၅)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ ဦးစောတင် အမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၁/၂၀၂၄)တွင် (၂၂-၃-၂၀၂၄)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးစောတင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး(၉/မရမ(နိုင်)၀၅၂၆၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၂၃/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၄၄)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ ဦးတင်မြင့် အမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၉/၂၀၂၄)တွင် (၂၂-၃-၂၀၂၄)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးတင်မြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး(၉/မရမ(နိုင်)၀၅၂၆၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၂၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ ဦးပိုက် အမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၃/၂၀၂၄)တွင် (၂၂-၃-၂၀၂၄)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးပိုက်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး(၉/မရမ(နိုင်)၀၅၂၆၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၂၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၇-င/၄၁၀)၊ ဦးပိုင်အမှတ်(၁၀)၊ ရန်-မန်းလမ်းအနောက်ဘက်ရှိ ဦးလှခင် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးလှခင်၊ မိခင် ဒေါ်ခမ်းကျွန် (ခ)ဒေါ်ရွှေနှင်း၊ သား ဦးအောင်မိုး (လူပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၂၈/၂၀၁၈)ဖြင့် အမွေဆက်ခံခဲ့ကြသော သားသမီးများဖြစ်ကြသည့် ဒေါ်ခင်ဝင်းတင့်၊ ဦးအောင်ကြွယ်၊ ဦးသန့်ဇင်တို့၏ (SPရရှိသူ ဒေါ်နန်းခင်အေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၄၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီနီတင်(၉/မခန(နိုင်)၀၂၅၃၀၄)က အမှုတွဲအမှတ်(၃၆၁၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊အားကစားသမားများ၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန် ပြီးဆုံးချိန်အထိ ဂိုးရရှိခဲ့မှုမရှိဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းက အနိုင်ဂိုးကိုသွင်းယူရရှိခဲ့ကာ ပွဲကစားချိန်ပြီးဆုံးချိန်တွင် ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး (ဂိုးသမား)ဆုနှင့် အကောင်းဆုံး (နောက်တန်း)ဆုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဦးကိုကိုလှိုင်တို့က လည်းကောင်း၊ အကောင်းဆုံး (အလယ်တန်း)ဆု၊ အကောင်းဆုံး (ရှေ့တန်း)ဆု၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်၊ ခွန်စံလွင်၊ ဒေါက်တာဘရွှေတို့က လည်းကောင်း တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၃ သို့ ○

## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၉**

**အားကောင်းသော မုန်တိုင်းငယ်**

**အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**နောက်(၂၄)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး

စာမျက်နှာ ၁၀ သို့ ➤

၉-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ

